မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မေ ၃ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၈၅)

ခစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည် ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ တက်ရောက်ကြည်ညို

နေပြည်တော် မေ ၂

ကရင်ပြည်နယ် သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မဟာမင်္ဂလာအခမ်းအနားကို မေ ၁ ရက် နံနက်ပိုင်းတွင် အဆိုပါစေတီတော်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝံသ အမှူးပြုသောဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ ရွှေထီးတော် ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်များကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြစဉ်။

(သတင်းစဉ်)

(၃-၄-၂၀၀၇) မိုးလေဝသ အခြေအနေ

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် သာယာမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့်သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်၌ သာယာမည်။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ် လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မား ရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မား ရေးနှင့် ယဉ်ကျေးမှုအမွေ အနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်း စောင့် ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၇ ခုနှစ်၊ ဧပြီလ ၃ ရက်)

ဆည်တမံမှစိုက်ပျိုးရေများ ထိရောက်စွာအသုံးပြု ပန်းတိုင်အထွက်နှုန်းကျော်လွန်ရေး ကြိုးပမ်း

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ပြိုင်းချောင်းရေလှောင်တမံကို မတ်လ ၃၀ရက်နေ့က ဖွင့်လှစ်ခဲ့သည်။

ပြိုင်းချောင်းရေလှောင်တမံသည် နိုင်ငံတစ်ဝန်း တည်ဆောက်ဖွင့်လှစ်ခဲ့သော ရေလှောင်တမံစီမံကိန်းများအနက် ၁၉၇ခုမြောက် ဆည်တမံ ဖြစ်သည်။ ပြိုင်းချောင်းရေလှောင်တမံသည် ကျောက်တော်မြို့နယ် မင်ဒန်းကျေးရွာအနီး ပြိုင်းချောင်း ချောင်းပေါ်၌ တည်ဆောက်ထားသည့် မြေသားတမံ အမျိုးအစားဖြစ်သည်။ ရေလှောင်တမံ၏ ၈ မိုင်ရှည် တူးမြောင်းမကြီးနှင့် ၁၃မိုင်ရှည်သော လက်တံမြောင်းများမှတစ်ဆင့် စိုက်ပျိုးမြေဧက ၅၀၀၀အတွက် ဆည်ရေပေးဝေနိုင်ပြီဖြစ်ပြီး ရေအားလျှပ်စစ်ဓာတ်အားပါ ထုတ်ယူနိုင်မည် ဖြစ်သည်။

ကျောက်တော်မြို့နယ်သည် ယခင်က မိုးစပါးတစ်သီးသာ စိုက်ပျိုးခဲ့ကြရာမှ ပြိုင်းချောင်းရေလှောင်တမံ ဖွင့်လှစ်နိုင်၍ သီးထပ်နွေစပါးကိုတိုးချဲ့စိုက်ပျိုးနိုင်မည် ဖြစ်သည်။ ယခင်က နွေစပါးစိုက်ပျိုးနိုင်ခြင်းမရှိသည့် ကျေးရွာအုပ်စုသုံးစုတွင် ယခုအခါ နွေစပါးဧက ၁၀၀၀ ကျော် စိုက်ပျိုးလာနိုင်ပြီ ဖြစ်သည်။

ရခိုင်ပြည်နယ်အနေဖြင့် မိုးစပါးဧက၁၂ဒသမ၁သိန်း ပြည့်မီစေရေး လျာထားစိုက်ပျိုးသွားမည်ဖြစ်သည်။ တစ်ဧကပန်းတိုင်အထွက်နှုန်း တင်း၁၀၀ထွက်ရှိရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အမယ်သစ်သီးနှံဖြစ်သည့် ငရုတ်ကောင်းနှင့် နှစ်ရှည်ပင်သီးနှံရော်ဘာတို့သည် ရခိုင်ပြည်နယ်အတွင်း ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ် ပြိုင်းချောင်းရေလှောင်တမံအပါအဝင် နိုင်ငံတစ်ဝန်း ရေလှောင်တမံများ တည်ဆောက်ပေးမှုကြောင့် သီးနှံများ တိုးချဲ့စိုက်ပျိုးလာနိုင်ကာ ဒေသခံ တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြင့်မား တိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် ဆည်ရေကိုထိရောက်စွာ အသုံးချပြီး ပန်းတိုင်အထွက်နှုန်း ကျော်လွန်အောင် ဆက်လက်ကြိုးပမ်းလုပ်ကိုင်သွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးကျော်လင်း အားရည်စူး၍ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်းအမှတ်(၂၃)နေ ဒေါ်လှကြည်နှင့် သားသမီးများက အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေ ကျပ်တစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

စီမံကိန်းများ လျာထားချက်နှင့်အညီ အကောင်အထည်ဖော် သတ်မှတ်ကာလအတွင်း ပြီးစီးရေး ဝိုင်းဝန်းကြိုးပမ်း

ခြိုးခြံချွေတာပြီး အလေအလွင့်နည်းပါးရေး ကြပ်မတ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်သည် မတ်၃၁ရက် နံနက်ပိုင်းက ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် သစ္စာလမ်းရှိ မြန်မာ့စက်ရုံနှင့် အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်း ရုံးချုပ်ခန်းမ၌ လုပ်ငန်းမှ တာဝန်ရှိသူများနှင့် စီမံကိန်းများ တာဝန်ယူဆောင်ရွက်နေသော စီမံကိန်းညွှန်ကြားရေးမှူးများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဝန်ကြီးက အမှာစကားပြောကြားရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စီမံကိန်းများအား သတ်မှတ်လျာထားချက်နှင့်အညီ စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ သတ်မှတ်ကာလအတွင်း ပြီးစီးစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် ခြိုးခြံချွေတာပြီး အလေအလွင့်နည်းပါးစေရေးအတွက် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်သွားကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ရှင်းလင်းပြသ

ယင်းနောက် ဝန်ကြီးသည် တာဝန်ရှိသူများလိုက်ပါလျက် မွန်းလွဲပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) အမှတ်(၂) စက်မှုဝန်ကြီးဌာန တောင်ဒဂုံ စက်မှုနယ်မြေရှိ လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှု စက်ရုံ(တောင်ဒဂုံ)အား ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဦးကိုကိုကြီးက အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ရန်ကုန်)မှ စမ်းသပ်တီထွင် ထုတ်လုပ်ထားသော သီးနှံဆီသုံး (protos) မီးဖိုများအား ရှင်းလင်းပြသကြသည်။

လှည့်လည်ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အိမ်သုံး လျှပ်စစ်မီတာ ထုတ်လုပ်မှုအလုပ်ရုံ၌ အိမ်သုံးလျှပ်စစ်မီတာများ တပ်ဆင် ထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် စမ်းသပ်စစ်ဆေးနေမှုများအား လှည့်လည်ကြည့်ရှုစစ်ဆေးရာ အထွေထွေမန်နေဂျာ ဒေါ်လဲ့လဲ့ဝင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဝန်ကြီးက လျှပ်စစ်မီတာများအား လျာထားချက် ပြည့်မီအောင် ထုတ်လုပ်ရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိရေး၊ ထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းရေး၊ အလေအလွင့် နည်းပါးရေး၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီ ချွေတာရေးတို့ကို ဆွေးနွေးမှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မခရီး

ရန်ကုန် ဧပြီ ၂

မန္တလေး ပြည်ကြီးတံခွန် တံခွန်တိုင် တမာတန်း ငြိမ်းချမ်းရွှေပြည်ကျောင်းတိုက်၏ ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဧပြီ ၂ ရက်မှ၁၆ ရက်အထိ အိန္ဒိယ၊ နီပေါ ဗုဒ္ဓဂယာ ဘုရားဖူးခရီး၊ ၁၇ရက်ညတွင် ဝေဘာဂီလမ်းမ မြောက်ဥက္ကလာ ရန်ကုန်၊ ၁၈ရက်ညတွင် ယုဇနလမ်း အမှတ်(၂)ရပ်ကွက် မြောက်ဥက္ကလာ ရန်ကုန်၊ ၁၉ ရက်တွင် (ဆည်းဆာ)ဓမ္မိကဓမ္မာရုံ ရန်ကင်း ရန်ကုန်၊ (ငှင်းည) အမှတ်(၂)ရပ်ကွက် မြောက်ဥက္ကလာ ရန်ကုန်၊ ၂၀ရက်တွင် (ဆည်းဆာ) ကျိုက္ကလော့ဘုရား မင်္ဂလာဒုံ ရန်ကုန်၊ (ငှင်းည) အမှတ် (၉)နယ်မြေ ရွာမအနောက် အင်းစိန် ရန်ကုန်၊ ၂၁ရက်ညတွင် နှစ်ဦးတရားပွဲ သကျမုနိ ကြည့်မြင်တိုင် ရန်ကုန်၊ ၂၂ နှင့် ၂၃ ရက်ညများတွင် ဆူးဝင်းရွာ ရှင်ပြု မြိုင်မြို့နယ်၊ ၂၄ရက်ညတွင် ညောင်ပင်ရွာ ရှင်ပြု မြင်းခြံမြို့၊ ၂၅ရက်ညတွင် အောက်ကင်းအလယ် မတ္တရာမြို့၊ ၂၆ ရက်ညတွင် နှစ်(၆၀)ပြည့်အထိမ်းအမှတ် ပါဠိတက္ကသိုလ် ညောင်တုန်းတိုက်ဗဟန်း ရန်ကုန်၊ ၂၇ရက်နှင့် ၂၈ရက်ညတွင် သုံးပင်တောင်ရပ် ရှင်ပြု ဆင်ဖြူကျွန်းမြို့၊ ၂၉ ရက်ညတွင် ရွှေဂူနီဘုရား ကျောက္ကာမုံရွာ၊ ၃၀ရက်ညတွင် ဇလပ်ဝါဘီစကွတ်မိသားစု ရှင်တစ်ထောင်ပြုပွဲ ရွာရှည်ရွာ မြင်းခြံ ဓမ္မသဘင်များ၌ တရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၃-၄-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	လက်စွမ်းပြပဟန်ဂီတသံ
၄း၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၅	၆။	မျိုးချစ်တပ်မတော်
၅း၂၅	၇။	ပညာခေတ်
၅း၄၀	၈။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။	နိုင်ငံတကာသတင်း
၆း၂၀	၁၁။	မိုးလေဝသသတင်း
၆း၃၀	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၃။	ခါသကြိန်အဆိုအကများ
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရှိတော့ရှိတယ် ရှားတယ်** (အပိုင်း-၄)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မိုးနဂါးသိုင်းရှစ်ကွက်** (အပိုင်း-၁၇)

ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် ဘောက်ထော် သီရိဖေယျာ လမ်း အမှတ် ၁၀(က) နေ ဦးညွန့်ထင်၊ ဒေါက်တာ ဒေါ်စန်းရီ မိသားစုတို့က သုံးထပ် ဘိုးဘွားဆောင် သစ် ကြီး အတွက် ငွေကျပ် တစ် သိန်း ကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ် ရေး အ ဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးတို့ အမှူးပြုသော ပရိသတ်များက သံတောင်မြို့နယ် ဘုရင့်နောင်တပ်မြို့၌ တည်ထားကိုးကွယ်သော မဟာကေတုသိင်္ဂီစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တင် မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

● ရှေ့ဖုံးမှ

ဖွင့်လှစ်

ရှေးဦးစွာ ဆရာတော် သံဃာတော်များနှင့် ဧည့်ပရိသတ်တို့က နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် တောင်ငူမြို့ မြစည်းခုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တပဏ္ဍာဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ရွတ်ပွားသရဇ္ဈာယ်

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များထံ ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော်များက မေတ္တသုတ် အစရှိသောပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်ကြသည်။

ဆက်လက်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကိုယူဆောင်၍ စေတီတော် ဝတ္ထုကံတွင် ပက်ဖျန်း၊ ကြဲဖြန့်ချည်နှောင်ကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်ပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး၊ အလှူရှင်များက စေတီတော်အား ရည်မှန်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြာသင်္ကန်းတော်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များစသည့် ဌာပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် သံဃာတော်များထံ ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

တင်လှူပူဇော်

ထို့နောက် မင်္ဂလာအခါတော်ရောက်သည်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်အလှူရှင်များက ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်တို့ကို အစီအစဉ်အတိုင်း စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ထိုအချိန်တွင် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ပေးကြသည်။

ရေစက်သွန်းချ

ထို့နောက် တောင်ငူမြို့ ရတနာဂုဏ်မြင့်ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တ အရဝိန္ဒာဘိဝံသက အနုမောဒနာတရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဗိသုကာအင်ဂျင်နီယာအဖွဲ့က မူလဘုရားဒါယကာ၊ဒါယိကာမများထံ စေတီတော်ကြီးအား ပြန်လည်အပ်နှင်းသည်။

လှည့်လည်ပူဇော်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး၊ တာဝန်ရှိသူများနှင့် အလှူရှင်များသည် ဒေဝါဝင်း၊ ရာဇာဝင်းများခင်း၍ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ရွှေကြာသင်္ကန်းတော်၊ ရွှေထီးတော်ဘုံဆင့်များနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ပင့်ဆောင်ကြပြီး မဟာကေတုသိင်္ဂီစေတီတော်အား လက်ယာရစ်လှည့်လည် ပူဇော်ကြကာ မင်္ဂလာရထားပျံမဏ္ဍပ်သို့ ပို့ဆောင်ကြသည်။

နံ့သာရည်ပက်ဖျန်း

ဆက်လက်၍ စေတီတော်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနားကို စေတီတော် အထက်ပစ္စယာ ဌာပနာတိုက်၌ ကျင်းပရာ မင်္ဂလာအခါတော် နံနက် ၉နာရီ ၄၅မိနစ်တွင် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဘုရားဒါယကာများ၊ အလှူရှင်များက ဗုဒ္ဓရုပ်ပွားတော်မြတ်များ၊ ဓာတ်တော်မွေတော်များ၊ ဌာပနာတော်များကို ထည့်သွင်းပူဇော်ပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကြသည်။

ရွတ်ဆိုပူဇော်

ထိုအချိန်တွင် သံဃာတော်များက ဇယန္တောဗောဓိယာမူလေ အစရှိသော ဇယမင်္ဂလာအောင်ဂါထာတော်များကို ရွတ်ဆိုပူဇော်ပေးကြသည်။

ပင့်ဆောင်

ယင်းနောက် ရွှေထီးတော်ဘုံဆင့်များ၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသင်္ကန်းတော်များကို မင်္ဂလာရထားပျံဖြင့် ပင့်ဆောင်ကြသည်။

ရွှေမိုး၊ ငွေမိုးရွာသွန်း

ယင်းနောက် မင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးသည်။

ပူဇော်လှူဒါန်း

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကျင်းပရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အလှူရှင်များက ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ် စံပျော်တော်မူကြမည့် မုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသင်္ကန်းများ၊ ဆွမ်း၊ သစ်သီးဆွမ်းများ၊ ပန်းနှင့် သောက်တော်ရေများကို ဆက်ကပ်ပူဇော်လှူဒါန်းကြသည်။

အနေကဇာတင်

ထို့နောက် ဆရာတော် သံဃာတော်များက မုဒြာဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် မဟာကေတုသိင်္ဂီစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓဘိသိက်သွန်းတော်မူကြသည်။

ယင်းနောက် အခမ်းအနားမှူးက အောင်ဆုမင်္ဂလာအမျှဝေစာတမ်းလွှာကို ဖတ်ကြားကာ နတ်ဗြဟ္မာများအား ပြန်လည်ပို့ဆောင်ပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆွမ်းဆက်ကပ်

အခမ်းအနား အပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် စေတီတော်ရှိ မော်ကွန်းကမ္ပည်းများကိုအမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြပြီး ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။ **(သတင်းစဉ်)**

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့သို့ ရောက်ရှိ

ရန်ကုန် ဧပြီ ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁၂နာရီ ၁၅မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

ကြိုဆိုနှုတ်ဆက်

ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့ဝင်များအား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua နှင့် သံရုံးအဖွဲ့ဝင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့သည် ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၏ Library Room သို့ လာရောက်တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့် အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua လည်း တက်ရောက်သည်။

တည်ခင်းဧည့်ခံ

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းက ဧည့်သည်တော် စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. George Yeo နှင့်အဖွဲ့အား ဆီဒိုးနားဟိုတယ်ရှိ Sedona Executive Club ၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။ **(သတင်းစဉ်)**

ဦးအောင်သိမ်းအား ဗီယက်နမ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်ခန့်အပ်

နေပြည်တော် ဧပြီ ၃

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌသည် ဦးအောင်သိမ်းအား ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အီလက်ထရွန်နစ်ကုမ္ပဏီတစ်ခု၏ ရုပ်မြင်သံကြားထုတ်လုပ်သည့် လုပ်ငန်းခွင်ကို မတ် ၃၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာရှနိုင်ငံများသို့ထုတ်ကုန်များ ပို့မိုတင်ပို့နိုင်ရေး ဗီယက်နမ်၌ ချီလီကုန်သွယ်ရေးရုံးဖွင့်

စင်တီယာဂို ဧပြီ ၂

အာရှနိုင်ငံများသို့ ချီလီနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများ ပိုမိုတင်ပို့နိုင်ရေးအတွက် ဗီယက်နမ်နိုင်ငံ၌ ချီလီနိုင်ငံ၏ ပထမဆုံး ကုန်သွယ်ရေးရုံးကို မတ် ၂၉ ရက်၌ စတင်ဖွင့်လှစ်လိုက်ကြောင်း ချီလီနိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံကဲ့သို့ အလားအလာရှိသော နိုင်ငံများနှင့် ကုန်သွယ်မှု သဘောတူစာချုပ်များ ချုပ်ဆိုခြင်းဖြင့် ချီလီနိုင်ငံ ထုတ်ကုန်ပစ္စည်းများကို ပိုမိုတင်ပို့ ဖြန့်ဖြူးနိုင်မည် ဖြစ်ကြောင်း အဆိုပါအရာရှိက ပြောကြားသည်။

ပြောကြား

ချီလီနိုင်ငံ၏ ကုန်သွယ်ရေးရုံးကို ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ဖွင့်လှစ်ထားသည့် ၎င်းရုံးသည် ချီလီနိုင်ငံ ထုတ်ကုန်များကို ဗီယက်နမ်နိုင်ငံအပါအဝင် အခြားနိုင်ငံများသို့ ဖြန့်ဝေတင်ပို့ပေးနိုင်မည်ဖြစ်သည်ဟု ချီလီနိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ပပို့ကုန်တိုးမြှင့်ရေးရုံးမှ ညွှန်ကြားရေးမှူးဖြစ်သူ အလီစီရာဖရိုမင်းက ပြောကြားသည်။

အတိုးတက်ဆုံး

ဗီယက်နမ်နိုင်ငံသည် ၁၉၉၁ ခုနှစ်မှ ၂၀၀၆ ခုနှစ်ကာလအတွင်း နှစ်စဉ်စီးပွားရေးတိုးတက်မှုနှုန်း ၇ ဒသမ ၆ ရာခိုင်နှုန်းရှိခဲ့ရာ ကမ္ဘာပေါ်တွင် ဒုတိယမြောက် စီးပွားရေးအတိုးတက်ဆုံး နိုင်ငံဖြစ်လာကြောင်း ဖရိုမင်းက ဆက်လက် ပြောကြားသည်။

ပင်လယ်အစားအစာ

ချီလီနိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ လောလောဆယ်တွင် ဆာမွန်ငါးများ၊ သစ်သီးများနှင့် ပုစွန်များကို တိုးမြှင့်တင်ပို့လျက်ရှိသည်။ နောက်ထပ်တင်ပို့မည့်ပစ္စည်းများမှာ ပင်လယ်အစားအစာများဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရန် စင်ကာပူခေါင်းဆောင်များနှင့် ယူဂန္ဓာသမ္မတဆွေးနွေး

စင်ကာပူ ဧပြီ ၂

နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ပြုလုပ်ရေးနည်းလမ်းများနှင့်ပတ်သက်ပြီး စင်ကာပူ ခေါင်းဆောင်များနှင့် စင်ကာပူနိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ယူဂန္ဓာသမ္မတ ယိုဝီရီကာဂူတာ မူဆီဗီနီတို့ မတ် ၃၁ရက်က ဆွေးနွေးခဲ့ကြသည်။

ထိုသို့ဆွေးနွေးရာတွင် စင်ကာပူသမ္မတ အက်စ်အာနာသန်၊ စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းနှင့် စင်ကာပူဝါရင့်ဝန်ကြီး ဂိုချောက်တောင်တို့က ယူဂန္ဓာသမ္မတနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဖလှယ်

နှစ်နိုင်ငံ ခေါင်းဆောင်များသည် အာရှနှင့် အာဖရိကဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး၊ ယခုနှစ် နိုဝင်ဘာလတွင် ကျင်းပမည့် ဓနသဟာယနိုင်ငံများ၊မှ အစိုးရအဖွဲ့အကြီးအကဲများ အစည်းအဝေးနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

ပထမဆုံး

ယူဂန္ဓာသမ္မတသည် စင်ကာပူနိုင်ငံသို့ သုံးရက်ကြာ အလည်အပတ်ခရီးရောက်ရှိနေခြင်းဖြစ်ပြီး ပထမဆုံးအကြိမ် လာရောက်လည်ပတ်ခြင်းလည်းဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ပါကစ္စတန်က နျူကလီးယားထိပ်ဖူးတပ်ဒုံးကျည် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်

အစ္စလမ္မာဘတ် ဧပြီ ၂

ပါကစ္စတန်နိုင်ငံသည် နျူကလီးယားထိပ်ဖူးတပ် တာတိုပစ်ဒုံးကျည်တစ်စင်းကို မတ် ၃၁ ရက်၌ အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း **(အောက်ပုံ)** ပါကစ္စတန်စစ်ဘက်က ပြောကြားသည်။

ဒုတိယမြောက်

ယခု စမ်းသပ်ပစ်လွှတ်လိုက်သော ဟတ်ဖ်-၁၁ အက်ဘဒါလီဒုံးကျည်သည် တစ်လအတွင်း ဒုတိယမြောက် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်သည့် မြေပြင်ပစ် တာတိုဒုံးကျည်လည်းဖြစ်သည်။

အဆိုပါ နျူကလီးယား ထိပ်ဖူးတပ် ဒုံးကျည်သည် ကီလိုမီတာ ၂၀၀ အထိ ပစ်ခတ်နိုင်သည်။

အောင်မြင်မှုရရှိ

ဟတ်ဖ်-၁၁ အက်ဘဒါလီဒုံးကျည်သည် နည်းပညာဆိုင်ရာ သတ်မှတ်ချက် ဘောင်အတွင်းမှ တီထွင်ပြုလုပ်ထားခြင်းဖြစ်ပြီး အောင်မြင်မှုရရှိခဲ့ကြောင်း ပါကစ္စတန် စစ်ဘက်၏ အစီရင်ခံစာတစ်ရပ်၌ ဖော်ပြသည်။

အောင်မြင်စွာပစ်လွှတ်

ပါကစ္စတန်နိုင်ငံသည် ပြီးခဲ့သည့် သီတင်းပတ်ကလည်း နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းကို အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။

ပစ်ခတ်နိုင်

၎င်းဒုံးကျည်သည် ကီလိုမီတာ ၇၀၀ အကွာအဝေးကို ပစ်ခတ်နိုင်သော ဒုံးကျည် ဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်၌ စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

တိုကျို ဧပြီ ၂

ဂျပန်စစ်ဘက်မှ ရဟတ်ယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံတောင်ပိုင်း တိုကူနိုရှီးမားကျွန်းပေါ်တွင် မတ် ၃၀ ရက်၌ ပျက်ကျခဲ့ရာ ရဟတ်ယာဉ်ပေါ်၌ လိုက်ပါလာသူ လေးဦးသေဆုံးသွားခဲ့ကြောင်း ကျိုဒိုသတင်းဌာနက မတ် ၃၁ရက်၌ သတင်းထုတ်ပြန်သည်။

သယ်ယူပို့ဆောင်

အဆိုပါ စီအိတ်ချ်-၄၇စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ်သည် တိုကူနိုရှီးမားကျွန်းပေါ်ရှိ အမာဂီတောင်တွင် မတ် ၃၀ ရက်နံနက်ပိုင်းက ပျက်ကျခဲ့ခြင်းဖြစ်သည်။

ပျက်ကျ

၎င်းရဟတ်ယာဉ်သည် ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုရှိ နာဟာမှ တူကူနိုရှီးမားကျွန်းသို့ မတ် ၃၀ ရက် နံနက် ၉း၅၀ နာရီတွင် ပျံသန်းလာစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပျက်ကျမှုမှာ ရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်ပြီး ဒေသခံ ကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဂျပန်နိုင်ငံ တောင်ပိုင်း တိုကူနိုရှီးမား ကျွန်းပေါ်၌ စစ်ဘက် ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့သည်ကို မတ် ၃၀ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အာရပ်အဖွဲ့ချုပ်အစည်းအဝေး ဆီးရီးယား၌ ကျင်းပမည်

ဒမတ်စကတ် ဧပြီ ၂

ဆီးရီးယားနိုင်ငံသည် လာမည့်နှစ်၌ ကျင်းပမည့် အာရပ်အဖွဲ့ချုပ်ညီလာခံကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည် ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပခဲ့သော အာရပ်အဖွဲ့ချုပ်ထိပ်သီးအစည်းအဝေး နောက်ဆုံးနေ့၌ ဆီးရီးယားသမ္မတက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ရိုက်တာ**

နာရီအကြာဆုံး ဂီတဖျော်ဖြေပွဲ

တိုကျို ဧပြီ ၂

ဂျပန်နိုင်ငံမှ နာမည်ကျော်နှင့် အပျော်တမ်းဂီတအနုပညာရှင်များသည် သီချင်းအပုဒ်ပေါင်း ၂၀၀၀ ကို မရပ်မနားဘဲ နာရီပေါင်း ၁၈၂ နာရီကြာအောင် ဖျော်ဖြေတင်ဆက်ခဲ့ရာ ကမ္ဘာ့မှတ်တမ်းဝင်သွားကြောင်း မတ် ၃၁ ရက်က ကျိုတိုသတင်းဌာနက ဖော်ပြသည်။

အဆိုပါ ဂီတဖျော်ဖြေပွဲကြီးကို မတ် ၂၃ ရက်က ဂျပန်နိုင်ငံအနောက်ပိုင်း အိုမီမြို့၌ ကျင်းပခဲ့ရာ အသက်ခြောက်နှစ်နှင့် ၉၆ နှစ်ကြားရှိ ဂီတပညာရှင်များ ပါဝင်ဆင်နွှဲခဲ့သည်ဟုဆိုသည်။ **အမ်အင်န်အေ၊ရိုက်တာ**

သဲမုန်တိုင်း ပေကျင်းမြို့သို့ဝင်ရောက်

ပေကျင်း ဧပြီ ၂

တရုတ်နိုင်ငံ၏ မြို့တော် ပေကျင်းမြို့၌ မတ် ၃၀ ရက်ညမှ စတင်ကာ သဲမုန်တိုင်းကျရောက်ခဲ့ကြောင်း၊ ယင်းမှာ ယခုနှစ်တွင် ပထမဆုံးကျရောက်သည့် သဲမုန်တိုင်းဖြစ်ကြောင်း၊ မတ် ၃၁ ရက်ညတိုင်အောင် ဖုန်မှုန့်များ ထူထပ်စွာကျဆင်းလာခဲ့ကြောင်း တရုတ်မိုးလေဝသဌာနက ကြေညာသည်။

အမ်အင်န်အေ၊ဆင်ဟွာ

မလက္ကာရေလက်ကြားလုံခြုံရေး ထိုင်းပါဝင်မည်

ဗန်ကောက် ဧပြီ ၂

ထိုင်းနိုင်ငံသည် မလက္ကာရေလက်ကြားလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းဝင် အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူတို့နှင့်အတူ ပါဝင်ဆောင်ရွက်မည်ဖြစ်ကြောင်း အင်ဒိုနီးရှား ကာကွယ်ရေးအမျိုးသားတပ် အကြီးအကဲ ဒီဂျိုကိုဆူရန်ကိုက ပြောကြားလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

နိုင်ငံ့ဝန်ထမ်းဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၂)ထုတ်ဝေ

ရန်ကုန် ဧပြီ ၂

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့က နိုင်ငံ့ဝန်ထမ်းဂျာနယ်၊ အတွဲ(၄)၊ အမှတ်(၂)ကို ထုတ်ဝေလိုက်ပြီ ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းဂျာနယ်သည် ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်ပြီး တစ်နှစ်လျှင်နှစ်ကြိမ် ထုတ်ဝေခြင်းဖြစ်သည်။ ဤဂျာနယ်၏ထူးခြားချက်မှာ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ)သင်တန်း အမှတ်စဉ်(၃၈) သင်တန်းသား သင်တန်းသူများက ဂါရဝပြုသည့်အခမ်းအနား၌ ဗိုလ်ချုပ်မှူးကြီး ပြောကြားသော ဩဝါဒအမှာစကားနှင့် ၂၀၀၆ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)အပါအဝင် သင်တန်းကျောင်းများသို့ ဗိုလ်ချုပ်မှူးကြီး ရောက်ရှိစဉ် လမ်းညွှန်မိန့်ကြားချက်များ ပါရှိတင်ပြထားသည်။

ထို့အပြင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၏ "မြန်မာနိုင်ငံအစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ"၊ ဦးလှမြင့်ဦး၏ "အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းကော်မရှင်နှင့် အပြည်ပြည်ဆိုင်ရာ ဝန်ထမ်းများ"၊ ဦးညီထွန်း၏ "နိုင်ငံတော်လုံခြုံရေးနှင့် ဝန်ထမ်းများ၏အခန်းကဏ္ဍ"၊ ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်၏ "အုပ်ချုပ်ရေးအာဏာကို ထိန်းကျောင်းခြင်း"၊ ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်း၏ "စာရင်းစစ်ချုပ်ရုံး ဖွဲ့စည်းဆောင်ရွက်မှုနှင့် စာရင်းစစ်ဆေးမှုလုပ်ငန်းများ"၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဆွေ၏ "သစ်တောရေးရာဝန်ကြီးဌာနနှင့် သစ်တောဝန်ထမ်းများ"စသည့် နိုင်ငံ့ဝန်ထမ်းများ သိမှတ်ဖွယ်ရာနှင့် ပြည်သူများ ဖတ်ရှုလေ့လာနိုင်ဖွယ်ရာ ဆောင်းပါးများ ဖော်ပြပါရှိသည်။ အပတ်စဉ်ပါနေကျဖြစ်သော ပြည်တွင်းပြည်ပ နိုင်ငံ့ဝန်ထမ်းရေးရာနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ဆောင်းပါးများ၊ အမှတ်တရပုံရိပ်များကဏ္ဍနှင့် အထွေထွေကဏ္ဍတို့ ဖော်ပြပါရှိပြီး စုစုပေါင်းစာမျက်နှာ ၂၁၅ မျက်နှာရှိသည်။

အဆိုပါဂျာနယ်ကို နေပြည်တော်တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်များ၊ ပျဉ်းမနားမြို့တွင် သရဖူစာပေဥယျာဉ်နှင့် သော်တာစန်းစာပေ၊ ရန်ကုန်မြို့တွင် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနရုံးခွဲ ခြောက်ထပ်ရုံး ကမ်းနားလမ်း၊ စာပေဗိမာန်အရောင်းဆိုင် ကုန်သည်လမ်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း အရောင်းဆိုင် သိမ်ဖြူလမ်း၊ အင်းဝစာအုပ်တိုက် ဆူးလေဘုရားလမ်းတို့တွင် တစ်အုပ်လျှင် ၁၆၀၀ (ကျပ်တစ်ထောင့်ခြောက်ရာ)ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်စီးပွားရေးလမ်းညွှန် (၂၀၀၇)စာအုပ် ထုတ်ဝေဖြန့်ချိ



ရန်ကုန် ဧပြီ ၂

နှစ်စဉ်ထုတ်ဝေလျက်ရှိသော ရန်ကုန် စီးပွားရေးလမ်းညွှန် (Yangon Business Directory) စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယင်းစာအုပ်တွင် ရန်ကုန်အပါအဝင် ပဲခူး၊ တောင်ငူ၊ ပျဉ်းမနား၊ ပြည်၊ အောင်လံ၊ မော်လမြိုင်၊ ဘားအံ၊ ထားဝယ်၊ မြိတ်၊ စစ်တွေ၊ ပုသိမ်၊ မအူပင်မြို့များနှင့် ယင်းမြို့များနှင့်ဆက်စပ်လျက်ရှိသော မြို့များအပါအဝင် အောက်မြန်မာပြည် မြို့ပေါင်း ၂၇ မြို့တို့၏စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များ၊ ဖုန်းနံပါတ်များနှင့် စီးပွားရေးကြော်ငြာများကို ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းတို့ကို ဖော်ပြထားသော လုပ်ငန်းအမျိုးအစားခေါင်းစဉ် ၈၀၀ ကျော်နှင့် လုပ်ငန်းလိပ်စာအချက်အလက်ပေါင်း ၇၀၀၀၀ ကျော်တို့ကိုလည်း စုစည်း၍ ဖော်ပြထားသည်။

ရန်ကုန် စီးပွားရေးလမ်းညွှန်စာအုပ်ကို မြန်မာဘာသာနှင့် ထုတ်ဝေထားခြင်းဖြစ်ပြီး လုပ်ငန်းခေါင်းစဉ်နှင့် စီးပွားရေးလုပ်ငန်း လိပ်စာအချက်အလက်များကို အသုံးပြုလွယ်ကူစေရန် မြန်မာအက္ခရာစဉ်နည်းဖြင့် စီစဉ်ဆောင်ရွက်ထားသည်။

ရန်ကုန် စီးပွားရေးလမ်းညွှန်ကို အမှတ် ၁၄၅ ၃၆ လမ်း(လယ်) ကျောက်တံတားမြို့နယ် ဖုန်း-၂၅၃၂၈၅၊ ၂၅၀၁၂၁ နှင့် H-2 (ပထမထပ်) လမ်း ၃၀ နှင့် ၇၈ လမ်းထောင့် ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း ၀၂-၇၂၂၀၀ တို့မှ ဖြန့်ချိကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃-၄-၂၀၀၇ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့ အစီအစဉ်
၇း၀၅	အဆိပ်သင့်လူတစ်ယောက် အကြောင်း တရားတော် (အပိုင်း-၁) [အရှင်ခေမိန္ဒ(စစ်ကိုင်း)]
၈း၀၀	ခါသကြိန်အဆိုအက
၈း၀၅	Sunday Talk
၉း၀၀	ခါသကြိန်အဆိုအက
၉း၀၅	ကာယဗလနှင့် ကာယအလှပြိုင်ပွဲ
၉း၂၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	Yangon Panorama "အချစ်ဟုအဓိပ္ပာယ်သက်ရောက်ခြင်းမရှိစေရ ရုပ်ရှင်ကန်တော့ပွဲပေး အခမ်းအနား"
၁၀း၀၀	ခါသကြိန်အဆိုအက
၁၀း၀၅	စားဖွယ်အဖုံဖုံမုန့်မျိုးစုံ(ဒိန်ချဉ်ပြုလုပ်နည်း)
၁၀း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၂၀	Music Gallery **"အချစ်ဆုး"(ယုဇန)**
၁၀း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀	ဗိုလ်ချုပ်အောင်ဆန်းဈေးမဟာ သင်္ကြန်အကြိုအထူးဈေးရောင်းပွဲ
၁၁း၀၀	ခါသကြိန်အဆိုအက
၁၁း၀၅	Activities in The City
၁၁း၂၅	ခါသကြိန်အဆိုအက
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	ရှေ့သို့ရည်မှန်းမြန်မာ့စက်မှုလုပ်ငန်း (EFR Rubber Rolling)
၁၂း၀၅	ခါသကြိန်အဆိုအက
၁၂း၁၀	သဘာဝအလှသနပ်ခါးက
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာဌာနအကြောင်း သိကောင်းစရာ(အပိုင်း၂) (ဒေါက်တာခင်မျိုးလှ)
၁၂း၄၀	ခါသကြိန်အဆိုအက
၁၂း၄၅	လောကရဲ့အလှရတနာ(ရဲအောင်၊ သူထူးစံ၊ မေသဥ္ဇာဦး၊ ပွင့်နဒီမောင်၊ ချစ်စနိုးဦး၊ မေကဗျာ)
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။ MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Champion League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၀၀	PSV Eindhoven-Liverpool	5-Sports (Live)
	AC Milan-Bayern Munich	5-Series (Live)

မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည် အထွေထွေအစည်းအဝေးကျင်းပမည်

ရန်ကုန် ဧပြီ ၂

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို ဧပြီ ၉ ရက် (တနင်္လာနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ကျင်းပမည်ဖြစ်ပြီး ညနေ ၆ နာရီတွင် ယင်းဟိုတယ်၌ ညစာစားပွဲ ဆက်လက်ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ ညစာစားပွဲအတွက် ကြိုတင်လက်မှတ်များဝယ်ယူ၍ တက်ရောက်နိုင်သည်။ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နာယကအဖွဲ့ဝင်များ၊ အကြံပေးများ၊ အတိုင်ပင်ခံ ပညာရှင်အဖွဲ့၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင်များအားလုံး စုံညီစွာတက်ရောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်း အားကစားသတင်းအတိုအထွာ

ဘိလိယက်အဖွဲ့ စခန်းသွင်းလေ့ကျင့်နေ

(၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ရန်နှင့် နိုင်ငံတကာပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရန် မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ ဘိလိယက်လက်ရွေးစင် ပဏာမခြောက်ဦးကို မတ် ၁၅ ရက်မှ စတင်၍ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိရာ ပဏာမလက်ရွေးစင် ခြောက်ဦးမှာ ရန်ကုန်မြို့တော်စည်ပင်မှ အောင်ဆန်းဦး၊ ကျော်ဦးနှင့် ခင်မောင်ဦး၊ လယ်ယာနှင့်ဆည်မြောင်းမှ အောင်ဌေး၊ မထသ(အင်းစိန်)မှ နေသွေးဦးနှင့် မန္တလေးတိုင်းမှ စည်သူတို့ ဖြစ်ကြသည်။

မြန်မာဂူရှူးအဖွဲ့ ရွှေတံဆိပ်များဆွတ်ခူး

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်တွင် ၂၀၀၇ ခုနှစ် မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ် ဟောင်ကောင် အပြည်ပြည်ဆိုင်ရာ ဂူရှူးပြိုင်ပွဲတွင် မြန်မာဂူရှူးအားကစားအဖွဲ့မှ အသင်းလိုက်နှင့် တစ်ဦးချင်းအပါအဝင် ရွှေတံဆိပ် ၁၁ ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

နွေရာသီဂူရှူးအားကစားသင်တန်းဖွင့်

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန၏ စီစဉ်မှုဖြင့် မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ်မှ ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ ဂူရှူးအားကစားသင်တန်းကို မတ် ၁၂ ရက်မှ ဧပြီ ၆ ရက်အထိ စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးကွင်းတွင် သင်ကြားပေးလျက်ရှိရာ ဂူရှူးအားကစားဝါသနာရှင်မောင်မယ် ၈၀၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့အလင်း အင်တာနက် ဖောင်ပိတ်သတင်း

ဆော်လ်မွန်ကျွန်း ဆူနာမီဒီလှိုင်း အနည်းဆုံး လူ ၁၈ ဦးသေဆုံး

ဟိုနီယာရာ ဧပြီ ၂

တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း ရေအောက်ငလျင်တစ်ခု ဧပြီ ၁ ရက်က လှုပ်ခဲ့ပြီးနောက် ဆော်လမွန်ကျွန်းစု၌ ဆူနာမီဒီလှိုင်းဖြစ်ပေါ်ခဲ့ရာ အနည်းဆုံး လူ ၁၈ ဦး သေဆုံးသွားကြောင်း ဧပြီ ၂ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆော်လမွန်ကျွန်း၏ အဓိကမြို့ကြီးဖြစ်သော ဂျီဇိုမြို့ရှိ အဆောက်အအုံတစ်ခုအတွင်း ဆူနာမီဒီလှိုင်းများတက်လာ၍ ရေများဝင်ရောက်လာမှုကို တွေ့ရစဉ်။ (ကိုးကား-အင်တာနက်)

မျောပါသွား

ယင်း ဆူနာမီ ဒီလှိုင်းကြောင့် ဆော်လ်မွန်ကျွန်း အနောက်ပိုင်းရှိ ဂျီဇိုမြို့သည် ထိခိုက်ပျက်စီးမှု အများဆုံးဖြစ်သည်။ ရေများ မီတာအချို့ တက်လာကာ နေအိမ်များနစ်မြုပ်ခဲ့ရာ ယင်းဒီလှိုင်းက လူများကို တံမြက်စည်းဖြင့် လှဲချလိုက်သကဲ့သို့ ပင်လယ်ထဲ မျောပါသွားကြသည်ဟု ဆိုသည်။

ယင်းဒီလှိုင်းကြောင့် သေဆုံးမှုအရေအတွက် ထပ်မံတိုးလာဖွယ်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဗဟိုပြု

အဆိုပါ ရေအောက်ငလျင်သည် ဧပြီ ၁ ရက်က ဒေသစံတော်ချိန် နံနက် ၇ နာရီ မိနစ် ၄၀ တွင် ဆော်လ်မွန်ကျွန်း၏ မြို့တော် ဟိုနီယာရာ အနောက်မြောက်ဘက် မိုင် ၂၁၅ မိုင်အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အား ၈ ဒသမ ၀ ရှိ ငလျင်လှုပ်ခဲ့သည်ဟုဆိုသည်။ **(အင်တာနက်)**



မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

လူ့နှလုံးသားတု တစ်ခုလုံး ၁၀ နှစ်အတွင်း ဖန်တီးထုတ်လုပ်နိုင်မည်

လန်ဒန် ဧပြီ ၂

လူ့နှလုံးသားသွေးကြောတွင်းရှိ အစစ်ကဲ့သို့ပင် အလုပ်လုပ်နိုင်သည့် တစ်သျှူးများကို အကြိမ်ကြိမ် ပုံတူပွားနိုင်သည့် ကလာပ်စည်းကြမ်း စတင်ဆဲလ်မှ ဗြိတိန် သိပ္ပံပညာရှင်များက ပထမဆုံးအကြိမ် အောင်မြင်စွာ ဖန်တီးပျိုးထောင်ပေးနိုင်သည်ဆို၏။

အစားထိုး

ဆရာဝန်များသည် ယင်းသို့ ဖန်တီးထားသည့် နှလုံးအစိတ်အပိုင်းကို နှလုံးခွဲစိတ်ကုသရာတွင် သုံးနှစ်အတွင်း အစားထိုးကုသပေးနိုင်လိမ့်မည်ဟုလည်း သုတေသနပြုသည့် သိပ္ပံပညာရှင်များ အဖွဲ့ခေါင်းဆောင် နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး ဆာမက်ဒီရာကွတ်က ပြောဆိုသည်။

လူ့နှလုံးတု တစ်ခုလုံးကိုလည်း ထိုကလာပ်စည်းကြမ်းများမှ ၁၀ နှစ်အတွင်း ပျိုးထောင်ထုတ်လုပ်ပေးနိုင်မည်ဟုလည်း နှလုံးခွဲစိတ်ကု ဆရာဝန်ကြီး ဆာမက်ဒီရာကွတ်က ပြောဆိုသည်။

ဤစီမံကိန်းကို လွန်ခဲ့သည့် ဆယ်နှစ်ကစခဲ့ပြီး ပညာရှင်မျိုးစုံ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကိုးကား-အင်တာနက်)**

❒ **ကျောဖုံးမှ**

အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးလှစိုး၊ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စေတီတော်ဘက်စုံ မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဆံတော်ရှင် ခနုတ်စေတီတော်ဘက်စုံ မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ကိုယ်စား စေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဝင်းက ကော်မတီ၏ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြသည်။

ဂုဏ်ပြုလွှာပေးအပ်

ထို့နောက် ဆံတော်ရှင် ခနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင်များဖြစ်ကြသော ကွယ်လွန်သူများအား ရည်စူး၍ ဒေါက်တာတင့်လွင်ဦး-ဒေါ်ခင်သန္တာအေး မိသားစု (၂၅ လမ်း၊ ပန်းပဲတန်း)က ငွေကျပ် ၁၇၅ သိန်း၊ သီရိသုခမ္မမဏိဇောတရ ဦးစိုးသိန်း-သီရိသုခမ္မသီဂိ ဒေါ်ခင်ချိုအုန်း မိသားစုက ငွေကျပ် ၁၂သိန်း၊ ရန်ကုန်တိုင်း မထသ(အဝေးပြေး)က ငွေကျပ် ၁၀ သိန်း၊ တပ်မတော်(ရေ)အရာရှိစစ်သည်မိသားစုများ၊ သီရိသုခမ္မမဏိဇောတရ ဦးညွန့်ဋ္ဌေး-သီရိသုခမ္မသီဂိ ဒေါ်နီလာဆွေ(ကြည့်မြင်တိုင်)၊ သီရိသုခမ္မမဏိဇောတရ ဦးနိုင်ဦး-သီရိသုခမ္မသီဂိ ဒေါ်အေးသိန်း(မိဘရိပ်သစ်စက်)၊ ဦးဝင်းနိုင်-ဒေါ်ယဉ်ဋ္ဌေးမိသားစု (ဗညားဒလရပ်ကွက်၊ဒလမြို့)၊ ဦးမောင်မောင်ကျော်ဝင်း-ဒေါ်တင်တင်ရီ (အောင်မင်္ဂလာရပ်ကွက်၊ ဒလမြို့)နှင့် ဦးမောင်စံ (ရန်ကုန်အနောက်ပိုင်းခရိုင် မထသ) တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးချစ်ခိုင် (မန်နေဂျင်းဒါရိုက်တာ၊ ဧဒင်အုပ်စုကုမ္ပဏီလီမိတက်)က ငွေကျပ် လေးသိန်း၊ ဆန်စက်လုပ်ငန်းရှင်များ အသင်းခွဲ (သန်လျင်မြို့)၊ ဦးခင်ဝင်းနှင့် ဦးစိန်မြင့် (ကျောက်တန်းမြို့နယ်)၊ ဦးအောင်လွင် (သစ်လုပ်ငန်းရှင်များအဖွဲ့၊ ခရမ်းမြို့)နှင့် ဦးဘသက် (ငါးမွေးမြူရေးလုပ်ငန်း၊ ရွှေမယင်းဒေသ၊ တွံတေး) တို့က ငွေကျပ်သုံးသိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ အလှူရှင်များဖြစ်ကြသော ဦးသန်းဝင်းနှင့် ဦးဇော်ဝင်း (အုံ့ကြီးအရှေ့ရပ်ကွက်၊ဒလ)၊အဂ္ဂမဟာသီရိသုခမ္မမဏိဇောတရ ဦးကျော်မင်း (ရန်ကင်း)၊ သီရိသုခမ္မ မဏိဇောတရ ဦးသိုင်းဝင်း-သီရိ သုခမ္မသီဂိ ဒေါ်ဋ္ဌေးဋ္ဌေးညွန့် (BTB Co., Ltd.)၊ ဦးလေးဝင်းဦး-ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးကျော်မြင့်-ဒေါ်သန်းရီ (ပျော်ဘွယ်ကြီးကျေးရွာ၊ ဒလ)၊ ဘဒ္ဒန္တပညာဝံသနှင့် ဒါယကာ၊ဒါယိကာမများ (ဘိုဖြူချောင်းကျေးရွာအုပ်စု၊ ဒလ)၊ ဦးအေးသိန်း၊ ဦးထိန်ဝင်း၊ ဦးမောင်လှိုင်နှင့် ဒေါ်ရှမ်း (အောင်မင်္ဂလာရပ်ကွက်၊ဒလ)၊ဦးအောင်လှိုင်နှင့်အဖွဲ့ (တပင်ရွှေထီးရပ်ကွက်၊ ဒလ)၊ ဒေါ်တင်ကြည် (မော်စက်ရပ်ကွက်၊ဒလ)၊ ဦးစံသိန်း(ခေါ်) ဦးသာချို-ဒေါ်ခင်မြရီ (အုံ့ကြီးအနောက်၊ ဒလ)၊ ဒုတိယဗိုလ်မှူးကြီးတင့်အောင်-ဒေါ်နုနုဟန် (ရွှေဘုံသာ အောက်လမ်း)၊ ဦးကျော်စိုးဝင်း (KSW မော်တော်ယာဉ်ထုတ်လုပ်ရေး)၊ နိုင်ဂရုဆောက်လုပ်ရေးကုမ္ပဏီ၊ မင်္ဂလာတောင်ညွန့်)၊ ဦးမောင်ကြီး (ရတနာ ရှုခင်းသာဟိုတယ်၊ သာကေတ)နှင့် ဒေါ်ကြည်ကြည်စန်း (လမ်းမတော် ၅ လမ်း၊ ဆိပ်ကြီးခနောင်တို)တို့က ငွေကျပ်သုံးသိန်းစီနှင့် ဆီကုန်သည်များအသင်း (သန်လျင်)က ငွေကျပ် နှစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

လက်ခံ

ယင်းနောက် အလှူရှင်များဖြစ်ကြသော ဦးရဲအောင်-ဒေါ်လဲ့လဲ့ဝင်း (သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်)၊ ဦးလှအောင်-ဒေါ်သီဂိနိုင် (ရွှေနဂါးဘုရင်နံ့သာဖြူအမွှေးတိုင်လုပ်ငန်း)၊ ရန်ကုန်တောင်ပိုင်းခရိုင် မထသ၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ပြည်သူများ၊ ဗိုလ်တထောင်မြို့နယ်မှ ပြည်သူများ၊ ဦးအောင်မွန်(မြင့်မြတ်ဆန်စပါး ရောင်းဝယ်ရေး)၊ အောင်ဇာဗိ ဂေါပကအဖွဲ့ (အလုံ)၊ ဥပတ္ထမ္ဘကအဖွဲ့(အလုံ)၊ ဦးတင်ဝင်း-သီရိသုခမ္မသီဂိ ဒေါ်ခင်ကြည် (ဆန်းကိုကိုဘီစကွတ်)၊ ဦးကျော်ထွန်း (sunfar farmat and Tours)နှင့် ဦးဝင်းစိန်(ဒါရိုက်တာ၊Asia Express Co.,Ltd.)တို့က ငွေကျပ် နှစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးဦးလှစိုးနှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေထံ ဒလမြို့နယ် ဆံတော်ရှင် ခနုတ်စေတီတော်မြတ်ကြီး ဘက်စုံ မွမ်းမံတည်ဆောက်ရေးအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အလှူငွေ

အလှူရှင်များက လှူဒါန်းသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် သိန်း ၄၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် အခမ်းအနားကို ဗုဒ္ဓသာသနာစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းပြီး ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် ဧပြီ ၂

၁။ **မင်္ဂလာဒုံမြို့နယ် ကြက်ငှက်တုပ်ကွေးရောဂါ စစ်ဆေးတွေ့ရှိမှု**

(က) **ကြက်ငှက်တုပ်ကွေးရောဂါ**

(၁) ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြောက်ရပ်ကွက် ကြက်မွေးမြူရေးခြံ (၁)ခြံတွင် ကြက်ကောင်ရေ ၁၅၀၀မွေးမြူထားရှိသည့်အနက် ၂၀၀၇ခုနှစ် မတ်၂၈ရက်မှ ၃၁ရက်အတွင်း ကြက်ကောင်ရေ ၉၂၉ခန့် သေဆုံးခဲ့ကြောင်း။

(၂) ရန်ကုန်တိုင်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း၏ ပဏာမစစ်ဆေးချက်အရ ကြက်ငှက်တုပ်ကွေးရောဂါ H_5N_1 Suspected Case အဖြစ် သတ်မှတ်ပြီး ရောဂါအန္တရာယ်ထိန်းချုပ် ကာကွယ်ရေး အစီအစဉ်အရလက်ကျန် ကြက်များနှင့် ၎င်းခြံနှင့်တစ်ဝန်းတစ်ဝိုင်းတည်းရှိကြက်ခြံ သုံးခြံအပါအဝင် စုစုပေါင်းကြက်ကောင်ရေ ၆၆၆၃အား သုတ်သင်ရှင်းလင်းခဲ့ကြောင်း။

(ခ) **ရောဂါထိန်းချုပ်မှု**

(၁) **ကန့်သတ်ဇုန်။** ရောဂါဖြစ် ကြက်ခြံပတ်ဝန်းကျင် တစ်ကီလိုမီတာအတွင်း သံသယဖြစ်ဖွယ်ကြက်၊ ဘဲ၊ ငုံးခြံများနှင့် ရောဂါကျရောက်ကူးစက်နိုင်သည့် တိုင်းရင်းကြက်၊ ဘဲများစောင့်ကြပ်ကြည့်ရှုစစ်ဆေးသုတ်သင်ဖျက်ဆီးခြင်း။

(၂) **ထိန်းချုပ်ဇုန်။** ကန့်သတ်ဇုန်၏ ပြင်ပ ခြောက်ကီလိုမီတာအဝန်း အဝိုင်းအတွင်း ကြက်၊ ဘဲ၊ ငုံးနှင့် ၎င်းတိရစ္ဆာန်ထွက် ပစ္စည်းများ ရွှေ့ပြောင်းသယ်ယူပို့ဆောင်မှု၊ ရောင်းချမှုကို ကန့်သတ်ခြင်း။

၂။ **ရန်ကုန်တိုင်းအတွင်း ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုနှင့် ပျံ့နှံ့မှုအပေါ်ခြုံငုံသုံးသပ်ချက်**

(က) ရောဂါဖြစ်ပွားမှု အောက်ပါအတိုင်းဖြစ်ပွားခဲ့ကြောင်း-

စဉ်	နေ့စွဲ	မြို့နယ်	မွေးမြူရေးခြံ	အတည်ပြုနေ့စွဲ
၁။	၂၈-၂-၀၇	မရမ်းကုန်း	ဥစားကြက်၊ ဘဲခြံ (၁)ခြံ	H_5N_1(၉-၃-၀၇)
၂။	၂-၃-၀၇	လှိုင်သာယာ	ဥစားကြက်ခြံ (၁)ခြံ	H_5N_1(၉-၃-၀၇)
၃။	၁၃-၃-၀၇	မြောက်ဥက္ကလာပ	ရစ်ခြံ (၁)ခြံ	H_5N_1(၂၀-၃-၀၇)
၄။	၁၃-၃-၀၇	မင်္ဂလာဒုံ	ငုံးခြံ (၁)ခြံ	H_5N_1(၂၁-၃-၀၇)
၅။	၁၈-၃-၀၇	မှော်ဘီ(ညောင်နှစ်ပင်)	ဥစားကြက်ခြံ (၁)ခြံ	H_5N_1(၂၀-၃-၀၇)
၆။	၃၀-၃-၀၇	မင်္ဂလာဒုံ ထောက်ကြန့်(မြောက်)	အသားစားကြက်ခြံ (၁)ခြံ	H_5N_1 အတည်ပြုစစ်ဆေးဆဲ

(ခ) မွေးမြူရေးကြက်၊ ဘဲ၊ ရစ်၊ ငုံး သေဆုံးဖျက်ဆီးမှု

အကြောင်းအရာ	သေဆုံးကောင်ရေ	ဖျက်ဆီးကောင်ရေ	သေဆုံး/ဖျက်ဆီးစုစုပေါင်း
ရောဂါဖြစ်မွေးမြူရေးခြံ (၆)ခြံ	ကြက် ၂၆၅၆ ရစ် ၆၆ ငုံး ၆၀	ကြက် ၂၂၈၀၈ ရစ် ၅၄ ဘဲ ၄၆၃ ငုံး ၂၂၄၀	ကြက် ၂၅၄၆၄ ရစ် ၁၂၀ ဘဲ ၄၆၃ ငုံး ၂၃၀၀
ပေါင်း	၂၇၈၂	၂၅၅၆၅	၂၈၃၄၇
ရောဂါအန္တရာယ်ကူးစက်ပျံ့နှံ့မှုကာကွယ်ရေးအစီအစဉ်အရ မွေးမြူရေးခြံ(၁၆)ခြံ	ကြက် ၅ ဘဲ ၅ ငုံး ၁၀၀၀	ကြက် ၁၉၇၄၆ ဘဲ ၂၉၁၂ ငုံး ၁၃၆၀၇	ကြက် ၁၉၇၅၁ ဘဲ ၂၉၁၇ ငုံး ၁၄၆၀၇
ပေါင်း	၁၀၁၀	၃၆၂၆၅	၃၇၂၇၅

(ဂ) **မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်(မြောက်)ကြက်ခြံရောဂါဖြစ်ပွားမှု။**
ရောဂါဖြစ်ပွားသည့် ထောက်ကြန့်ကြက်ခြံသည် ကြက်ငှက်တုပ်ကွေးရောဂါ လက်ရှိဖြစ်ပွားခဲ့သည့် မင်္ဂလာဒုံမြို့နယ်အတွင်း ရန်ကုန်-ပြည်လမ်းမကြီးနှင့် လှော်ကားလမ်းဆုံအနီး ကြက်ငှက်၊ငုံးများ အသယ်အပို့အရောင်းအဝယ် အဝင်/အထွက်ကြောင့်လည်းကောင်း၊ ဇီဝလုံခြုံမှုအဆင့် နိမ့်ကျသည့်အတွက်လည်းကောင်း၊ ကြက်ခြံပတ်ဝန်းကျင်တွင် လွတ်ကျောင်းစနစ်ဖြင့် မွေးမြူထားသော တိုင်းရင်းကြက်၊ဘဲများနှင့် ရောထွေးမှုရှိခြင်းကြောင့်လည်းကောင်း ရောဂါကူးစက်ခဲ့သည်ဟု သုံးသပ်ရရှိကြောင်း။

(ဃ) **ရောဂါပျံ့နှံ့မှုအပေါ်ထိန်းချုပ်မှု။**

(၁) ၂၀၀၆ ခုနှစ်နှင့် ၂၀၀၇ ခုနှစ် ရောဂါဖြစ်ပွားမှု နှိုင်းယှဉ်ချက်

ဖြစ်ပွားကာလ	ဖြစ်ပွားဒေသ	သေဆုံး/ဖျက်ဆီးခြံ	သေဆုံး/ဖျက်ဆီးကောင်ရေ
၈-၃-၂၀၀၆ မှ ၇-၄-၂၀၀၆	စစ်ကိုင်းတိုင်း မန္တလေးတိုင်း	ကြက်/ငုံး (၅၄၅)ခြံ	ကြက်/ငုံး(၆ ဒသမ ၅)သိန်း
၂၈-၂-၂၀၀၇ မှ ၃၁-၃-၂၀၀၇	ရန်ကုန်တိုင်း	ကြက်၊ဘဲ၊ငုံး၊ရစ် (၂၂)ခြံ	ကြက်၊ဘဲ၊ငုံး၊ရစ် (၀ ဒသမ ၆၅)သိန်း

(၂) ယခင်နှစ် ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့သည့် စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းနှင့် နှိုင်းယှဉ်လျှင် ရန်ကုန်တိုင်းအတွင်းရှိ ခြံများ၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားကူးစက်ပျံ့နှံ့မှုမှာ အရှိန်အဟုန်နည်းပါးကြောင်း တွေ့ရှိရသည်။ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်း ကြက်ငှက်တုပ်ကွေးရောဂါကျရောက်ပြီးသည့် (၁)နှစ်တာကာလအတွင်း ရောဂါဖြစ်ပွားမှုအပေါ် ဆောလျင်စွာ စစ်ဆေးဖော်ထုတ်ခြင်း (Early detection)၊ ဆောလျင်စွာအသိပေးခြင်း(Early warning)၊ ဆောလျင်စွာအရေးယူဆောင်ရွက်ခြင်း (Early response)များ စီမံဆောင်ရွက်နိုင်သဖြင့်လည်းကောင်း၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် အခြားအဖွဲ့အစည်းများဖြစ်သော ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်နှင့် ဒေသအာဏာပိုင်အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်းကောင်း၊ နိုင်ငံတကာအဖွဲ့ အစည်းများဖြစ်သည့် OIE, FAO, WHO, JICA, UNICEF, AUS, AID, USAD, CARE Myanmar နှင့် ဂျပန်၊ ဩစတြေးလျ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံတို့၏ ပံ့ပိုးကူညီမှု နည်းပညာပူးပေါင်းဆောင်ရွက်မှု၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးမှု၊ ပညာပေးအစီအစဉ်များအရလည်းကောင်း၊ ရောဂါပျံ့နှံ့မှုနှင့် ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြင့် ထိန်းချုပ်နိုင်ခဲ့ကြောင်း။

၃။ **တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး**

(က) ရန်ကုန်တိုင်းအတွင်း ရောဂါထပ်မံ မပြန့်ပွားစေရေးနှင့် ရောဂါအမြန်ဆုံး ထိန်းချုပ်နိုင်ရေးအတွက် မွေးမြူရေး ကြက်၊ဘဲ၊ငုံးများ ပုံမှန်မဟုတ်သည့်နည်းဖြင့် သေဆုံးမှုများ တွေ့ရှိရပါက အနီးဆုံး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်နှင့် ကျန်ရှိနေသော ကြက်များအား ရောဂါပျံ့နှံ့မှုမရှိစေရေးအတွက် ရောင်းချခြင်းမပြုရန်။

(ခ) မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးအား တိုးမြှင့်သည့်အနေဖြင့် လူ၊ ယာဉ်၊ တိရစ္ဆာန် အဝင်အထွက်များ ထိန်းချုပ်ရန်။

(ဂ) ယခုကာလအတွင်း မွေးမြူရေးခြံများအနေဖြင့် ပိုးသတ်ဆေးကို နှစ်ရက်ခြားတစ်ကြိမ် ခြံနှင့် ခြံပတ်ဝန်းကျင်တွင် ပက်ဖျန်းရန်။

(ဃ) မြို့နယ်ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးကော်မတီဝင် အဖွဲ့အစည်းများဖြစ်သည့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

တပ်ကုန်းမြို့နယ်သည် နွေစပါး လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင် စိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်

တောင်သူများက အကျိုးရှိရှိအသုံးချခဲ့သည့်အတွက် အောင်မြင်

နေပြည်တော် မေ ၂

နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်သည် ပျဉ်းမနားခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးခင်မောင်ဇော်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၃၁ရက် နံနက် ၈ နာရီက တပ်ကုန်းမြို့နယ် နွေစပါးစိုက်ပျိုးပြီးစီးမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ဦးပိုင်အမှတ် ၄၂ ကွင်းအမှတ် ၁၃(ဘ) တပ်ကုန်း အနောက်ရှိ တောင်သူဦးကြီး ဦးကြည်၏ နွေစပါး စိုက်ပျိုးထားရှိသည့် စိုက်ကွင်းသို့ ရောက်ရှိပြီး စိုက်ကွင်းတွင် ရွှေသွယ်ရင်စပါးမျိုး စိုက်ပျိုးထားရှိကာ ပျိုးသက် ၂၅ရက်နှင့် စီမံကိန်းဧက ၆၅၀ ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးမှတ်ကြီးက ရှင်းလင်းတင်ပြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် စိုက်ကွင်းများအတွင်း ကောက်စိုက်စွမ်းရည် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြသထားသော စိုက်ပျိုးရေး ပြခန်းများကို ကြည့်ရှုရာ စက်မှုလယ်ယာပြခန်း၌ စက်မှုလယ်ယာဦးစီးမှူး ဦးသိန်းဝင်းက ခြံစည်းရိုး ကြက်ဆူဆီဖြင့် လယ်ယာသုံးစက်ကိရိယာများ အသုံးပြုခြင်းကိုလည်းကောင်း၊ မြန်မာ့ကြံလုပ်ငန်း ပြခန်းတွင် မြို့နယ် ကြံတာဝန်ခံ ဦးသက်ဦးက မြန်မာ့ကြံ စိုက်ပျိုးထားရှိမှုများကိုလည်းကောင်း၊ မြန်မာ့ ပိုးချည်လုပ်ငန်း၊ မြန်မာ့ဝါပြခန်းတွင် မြို့နယ်မန်နေဂျာ ဦးတင်သိန်းက ငွေချည် (၆)ဝါမျိုး စိုက်ပျိုးမှုများကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၂၀၀၆-၂၀၀၇ ခုနှစ် နွေစပါးလျာထားချက် ပြည့်မီစွာ စိုက်ပျိုးမှုနှင့် စုပေါင်းဓာတ်မြေဩဇာ ကြဲပက်ပွဲအခမ်းအနားကို ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က မြို့နယ်အတွင်း နွေစပါးစိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမှတ်ကြီး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမျိုးမြင့်အောင်တို့က စိုက်ပျိုးရေးနှင့် ပတ်သက်သည့် သိမှတ်လိုက်နာဖွယ်ရာများကို ဒေသခံ ပြည်သူများအား ရှင်းလင်းပြောကြားကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူးက အမှာစကား ပြောကြားရာတွင် တပ်ကုန်းမြို့နယ်သည် နွေစပါးလျာထားချက် ပြည့်မီကျော်လွန်အောင် စိုက်ပျိုးနိုင်သည့်အတွက် ဂုဏ်ယူကြောင်း၊ ယခုနှစ် နွေစပါးစိုက်ပျိုးရေးတွင် မိမိတို့တာဝန်ရှိသူများဘက်မှ စိုက်ပျိုးရေးအတွက် အသုံးဝင်သည့် ဓာတ်မြေဩဇာများ ထောက်ပံ့ပေးသကဲ့သို့ တောင်သူများဘက်ကလည်း အကျိုးရှိရှိ အသုံးချခဲ့သည့်အတွက် ယခုကဲ့သို့ အောင်မြင်ခြင်းဖြစ်ကြောင်း၊ မိုးစပါးတွင်လည်း ယခုကဲ့သို့ အားထုတ် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ပထမဆုရ ခရမ်းစပ်ကုန်း ကောက်စိုက်အဖွဲ့ ခေါင်းဆောင်အား ဆုငွေကျပ်ငါးသောင်းကို တိုင်းမှူးကလည်းကောင်း၊ ဒုတိယဆုရ ပေတောကျေးရွာ ကောက်စိုက်အဖွဲ့ခေါင်းဆောင်အား ဆုငွေကျပ်သုံးသောင်းနှင့် တတိယဆုရ အင်ဖက်ကုန်းကျေးရွာ ကောက်စိုက်အဖွဲ့ခေါင်းဆောင်အားဆုငွေကျပ်နှစ်သောင်းတို့ကို တိုင်းမှူး၏ ဇနီး ဒေါ်ဆွေဆွေဦးကလည်းကောင်း ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်ကုန်းမြို့နယ်သည် နွေစပါး စိုက်ဧက ၁၃၀၀၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၁၃၀၀၃ ဧက စိုက်ပျိုးပြီး ဖြစ်သည်။ ပျဉ်းမနားခရိုင်သည် နွေစပါး ဧက ၃၂၅၀၀ စိုက်ပျိုးရန်လျာထားပြီး ၂၄၇၈၃ ဧက စိုက်ပျိုးပြီးဖြစ်၍ ၇၆ဒသမ ၂၆ ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သကြံန်တွင်း တရားစခန်းပွဲများ

သကြံန်တွင်း ဒုလ္လဘရဟန်းခံနှင့် တရားစခန်းဖွင့်မည်

သာကေတမြို့ စက်မှုလက်မှုရပ်ကွက် ပါဠိကာရီပရိယတ္တိစာသင်တိုက်ကြီးတွင် နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော သကြံန်တွင်း ဒုလ္လဘရဟန်းခံနှင့် တရားစခန်းကို ၁၃၆၈ ခု တန်ခူးလပြည့်ကျော် ၁၂ ရက် (ဧပြီ၁၃ရက်မှ ၁၇ရက်အထိ) မဟာစည်နည်းနိဿယအတိုင်း သတိပဋ္ဌာန်တရား အားထုတ်နည်းကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဒီဃနိကာယကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တအဂ္ဂိသ ပါဠိကာရီဆရာတော် အရှင်မြတ်ကိုယ်တိုင် တရားဓမ္မများကို ဟောကြားချီးမြှင့်မည်ဖြစ်ရာ ဒုလ္လဘရဟန်းနှင့်ရှင်သာမဏေဝတ်လိုသူများသည် ဧပြီ ၁၂ရက်နောက်ဆုံးထား၍ အရောက်လာကြရန် နိုးဆော်ထားကြောင်း သိရသည်။

သဲအင်းဂူအဝိဇ္ဇာန် သကြံန် ခုနစ်ရက်တရားစခန်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ် (၁၆)ရပ်ကွက် သာသနာဒီပ သဲအင်းဂူဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ မူလကျေးဇူးရှင် သဲအင်းဂူဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ဘဒ္ဒန္တမုနိန္ဒ (ကျိုက်ဝိုင်း)၊ ဘဒ္ဒန္တဇဋိလ(ရန်မျိုးအောင်)၊ ဘဒ္ဒန္တသိရိန္ဒ၊ အရှင် သုနန္ဒ(သာသနာဒီပ)ဆရာတော်များက တန်ခူးလပြည့်ကျော်၁၂ရက်မှ ကဆုန်လဆန်း၄ရက်အထိ (ဧပြီ ၁၃ရက်မှ ၁၉ရက်)အထိ ခုနစ်ရက်တိုင်တိုင် ခန္ဓာဉာဏ်ရောက် ဝိပဿနာတရားတော်များ ဟောကြား ပေးမည်ဖြစ်ရာ ဝင်ရောက်တရားအားထုတ်လိုသူများ တန်ခူးလပြည့်ကျော်၁၁ရက် ဧပြီ ၁၂ရက် ညနေ ၅နာရီအရောက် ကိုယ်ပိုင် နိုင်ငံသားကတ်ပြားယူဆောင်၍ စာရင်းပေးသွင်း၍ တရားအားထုတ်နိုင်ကြောင်းနှင့် ဖုန်း-၀၁-၇၀၉၈၉၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၇)ရက် သကြံန်အဝိဇ္ဇာန်တရားစခန်း

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ညောင်ပင်ဆိပ် တေဇစက္ကီ ဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ ဒုလ္လဘရဟန်းခံနှင့် သာသနာ့နွယ်ဝင် သိက္ခာတင် သီလရှင်ဝတ်ပွဲ အလှူမင်္ဂလာနှင့် တရားစခန်းပွဲကို ဧပြီ ၁၀ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်ရာ တေဇစက္ကီ ဗဟိုနာယက အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ဝိသုတ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) မွန်ပြည်နယ် သံဃနာယက (မူလဒွါရ) ပြည်နယ်အကျိုးတော်ဆောင် ဆရာတော်က အနီးကပ် ဟောပြောပြသမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ရွှေလုပ်ငန်းစဉ် ဆွေးနွေး လူထုအခြေပြု အိမ်တွင်းပြုစုမှုစီမံချက်ရှင်းလင်း

ရန်ကုန် ဧပြီ ၂

မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားအသင်း အသင်းရေးရာရှေ့လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲနှင့် လူထုအခြေပြုအိမ်တွင်းပြုစုမှုစီမံချက် ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို မတ်၇ ရက် နံနက် ၈ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမတွင် ကျင်းပရာ ရှေးဦးစွာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စားအဖွဲ့ဝင်(၁)ရဲမှူးကြီးအောင်ဒိုင်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၁) လူထုအခြေပြုအိမ်တွင်းပြုစုမှုစီမံချက် မန်နေဂျာပါမောက္ခ ဒေါက်တာဒေါ်ခင်ညိုက ယင်းဆွေးနွေးပွဲနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း ဒုတိယဥက္ကဋ္ဌ(၁)ပါမောက္ခဒေါက်တာဒေါ်ခင်ညိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားအသင်း၏ အသင်းရေးရာကိစ္စများ၊ ရှေ့လုပ်ငန်းစဉ်များကို ဒုတိယဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်နှင့် အတွင်းရေးမှူး ပါမောက္ခဒေါ်ရင်မြတို့က ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ လူထုအခြေပြုအိမ်တွင်းပြုစုမှုစီမံချက်နှင့် အသင်းစီမံချက် လုပ်ငန်းများ ဆောင်ရွက်မှု အားသာချက်၊ အားနည်းချက်များ ရှေ့လုပ်ငန်းစဉ်များကို ပါမောက္ခ(ငြိမ်း)ဦးမင်းဘိုးငြိမ်းနှင့် အဖွဲ့ဝင်များက ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(က-ပ)**

ဝက်လက်မြို့နယ်တွင် လျှပ်စစ်မီးစက်ဖွင့်

ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရုံးပင်အုန်းကျေးရွာ စပါးခွဲလောင်စာသုံး ကြယ်တစ်ပွင့် လျှပ်စစ်မီးစက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၄ ရက် နံနက် ၁၁နာရီက အဆိုပါ မီးစက်ရှေ့၌ ကျင်းပရာ အလှူရှင် သီတဂူ ကြယ်တစ်ပွင့် အရှင်ပညာနန္ဒနှင့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စစ်ကိုင်းတိုင်းတာဝန်ခံ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ရတနာလင်္ကာရ သာသနာပြုကျောင်းတော်ဆောက်လုပ်ရေး ငွေလှူဒါန်း

ချင်းပြည်နယ် ဟားခါးမြို့ မြို့မသာသနာပြုစာသင်တိုက်မှ ချင်းတောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တတေဇောသာရ (ဓမ္မာစရိယ၊ ဘီအေ၊ မဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)သည် ဓမ္မာစရိယတန်းရောက် ချင်းတိုင်းရင်းသား ရဟန်း၊ သာမဏေများနေထိုင် ပညာသင်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်း အမှတ်(၃၁၄)မြေကွက်တွင် ချင်းပြည်နယ် ဗုဒ္ဓသာသနာထွန်းကားရေး ရတနာလင်္ကာရသာသနာပြု သုံးထပ်ကျောင်းတော်ကြီးကို ဆောက်လုပ်လျက်ရှိရာ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မြင့်-ဒေါ်ရွှယ်ဂျာ၊ သား သီဟတင်မြင့်၊ သမီး မေဇွန်တင်မြင့်၊ မြတ်စပယ်တင်မြင့် မိသားစုတို့က ငွေကျပ် တစ်သိန်းငါးသောင်း၊ ချင်းပြည်နယ် ရဲတပ်မှူး ရဲမှူးကြီးဝင်းကြည်-ဒေါ်ခင်သန်းနွဲ့၊ သား ဗိုလ်ကြီးအာကာ၊ သမီး မခင်ပပဝင်း၊ မခင်ရွှေစင်ဝင်း၊ မခင်သဇင်ဝင်းမိသားစုတို့က ငွေကျပ်နှစ်သိန်း၊ ချင်းပြည်နယ် ရဲတပ်ဖွဲ့ဝင်အရာရှိ အရာခံမိသားစုတို့က ငွေကျပ်သုံးသိန်း၊ မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြီးတင်သိန်းဟန်-ဒေါ်မြမြဝိုင်း မိသားစုတို့က ငွေကျပ်သုံးသိန်းတို့ကို သာသနာပြုဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ချင်းပြည်နယ် သာသနာပြုကျောင်းတော်ကြီးအတွက် လှူဒါန်းလိုသူများသည် ချင်းတောင်တန်းသာသနာပြုဆရာတော် ဖုန်း-၀၉-၅၀၁၁၄၂၀၊ ၅၄၅၁၅၃ (ရန်ကုန်)နှင့် ၀၇၀-၂၁၁၃၂ (ဟားခါး)တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနား ပဲခူးတွင် ကျင်းပ

ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ပဲခူးတိုင်း ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အဖွင့်အမှာ စကားပြောကြားပြီး ပဲခူးတိုင်း တိုင်းကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဌေးအောင်က ကျန်းမာရေးဝန်ကြီး၏ မိန့်ခွန်းကိုဖတ်ကြားသည်။ ထို့နောက် ပဲခူးတိုင်း တီဘီရောဂါတိုက်ဖျက်ရေး စီမံကိန်းမှ တိုင်း ဆရာဝန်ကြီး ဒေါက်တာ သင်းသင်းရီက တီဘီရောဂါဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်း ပြောကြားပြီး တိုင်းအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌက ထူးချွန်မြို့နယ် ငါးမြို့နယ်အား ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

ကြေးသွန်းရုပ်တုဖွင့်ပွဲ နှင့် ရာပြည့်အထိမ်းအမှတ် ကျင်းပမည်

ကဗျာဆရာကြီး ဇော်ဂျီ၏ မွေးနေ့နှစ် (၁၀၀)ပြည့် အထိမ်း အမှတ်အဖြစ် ကျင်းပမည်ဖြစ်သော ကြေးသွန်းရုပ်တုဖွင့်ပွဲနှင့်ရာပြည့် အထိမ်း အမှတ် အခမ်းအနားကို ဧပြီ၈ရက် ညနေ၆နာရီတွင် ဖျာပုံတံတားသစ်ကြီး၏ ချဉ်းကပ်ကားလမ်းသစ်အဆုံး (ဖျာပုံဘက်ကမ်း) ကြေးသွန်းရုပ်တုနှင့် ဆောက်လုပ်ဆဲ စာကြည့်တိုက်အဆောက်အအုံတည်ရှိသည့် မြေနေရာတွင် ကျင်းပမည်ဖြစ်ရာ ဆရာဇော်ဂျီ ရာပြည့်အထိမ်းအမှတ် ဖိတ်ခေါ်ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ပြင်ဦးလွင်မြို့မှ မခင်နု(ဒဿန)က ပထမ၊ ဟိုပင်မြို့မှ စောငယ်ငယ်(မိုးညွှင်း)က ဒုတိယ၊ စစ်တွေမြို့မှ စစ်တွေညိုသန့်က တတိယ၊ နန္ဒ အောင်လံက အထူးဆုအသီးသီးရရှိကြပြီး ဆုရရှိသူများကို ကြေးသွန်းရုပ်တုဖွင့်ပွဲနှင့် ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဟုသိရသည်။

အခြေခံကွန်ပျူတာ သင်တန်းဆင်း

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်လျက် ပညာအလင်း ခေတ်မီစာကြည့်တိုက် ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ ဖွင့်လှစ်ခဲ့သော အခြေခံပညာ ကွန်ပျူတာသင်တန်းအမှတ်စဉ် (၂/၂၀၀၇)သင်တန်းဆင်းပွဲကို မတ် ၁၅ရက် မွန်းလွဲ ၂နာရီက မြင်းမူမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ရန်အောင်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း လက်မှတ်များ ပေးအပ်သည်။ သင်တန်းသို့ သင်တန်းသူ သင်တန်းသား ၁၀ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့သည်။

ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲကျင်းပ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ ထူးချွန်ဆုများချီးမြှင့်

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအမှတ်စဉ်(စီဒီ-၃၄)နှင့် (စီအီး-၃၂) သင်တန်းဆင်းပွဲနှင့် အရာရှိလောင်း ဘွဲ့ကြိုနှစ်နှစ်ဒီပလိုမာ အမှတ်စဉ်(၁)(စီဒီ-၃၅)နှင့် (စီအီး-၃၃) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)



ရန်ကုန် ဧပြီ ၂

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပညာသိပ္ပံ ကုန်သွယ်ရေကြောင်းအရာရှိလောင်း သင်တန်းအမှတ်စဉ်(စီဒီ-၃၄)နှင့် (စီအီး-၃၂)သင်တန်းဆင်းပွဲနှင့် အရာရှိလောင်းဘွဲ့ကြို နှစ်နှစ်ဒီပလိုမာ အမှတ်စဉ်(၁)(စီဒီ-၃၅)နှင့် (စီအီး-၃၃)သင်တန်း (Diploma in Nautical Studies နှင့် Diploma in Maritime Technology) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းရှိ ရေကြောင်းပညာသိပ္ပံစစ်ရေးပြကွင်း၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ ထူးချွန်ဆုများချီးမြှင့်ပြီး အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ပို့ဆောင်ရေး ဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်ပါမောက္ခချုပ်၊ ရေကြောင်းပညာသိပ္ပံကျောင်းအုပ်ကြီးနှင့် ဌာနမှူးများ၊ ကထိကများ၊ နည်းပြဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသူများ၊ သင်တန်းဆင်းအရာရှိလောင်းများနှင့် သင်တန်းသားများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အလံအလေးပြု

ရှေးဦးစွာ ရေကြောင်းပညာသိပ္ပံ စစ်ရေးပြကွင်းအတွင်း စစ်ရေးပြ တပ်ခွဲများကနေရာယူကြပြီး ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေနှင့် ကုန်သွယ်ရေကြောင်းအရာရှိလောင်းများ၊ တက်ရောက်လာကြသူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ဆုချီးမြှင့်

ယင်းနောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် ကုန်သွယ်ရေကြောင်းအရာရှိလောင်း စံပြဆုရ ကိုယ်ပိုင်အမှတ် (ရ/၁၄၄၂) ဝေဖြိုးညွှန့်၊ အင်ဂျင်နီယာ အရာရှိလောင်းစံပြဆုရ ကိုယ်ပိုင်အမှတ် (စ/၁၃၂၈)စိုးလင်းဖြိုး၊ ကုန်သွယ်ရေကြောင်းအရာရှိလောင်းစာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ် (ရ/၁၄၅၃) မြတ်သက်နောင်၊ အင်ဂျင်နီယာအရာရှိလောင်း စာပေထူးချွန်ဆုရ ကိုယ်ပိုင်အမှတ်(စ/၁၃၂၈) စိုးလင်းဖြိုးနှင့် စစ်ရေးပြ ထူးချွန်ဆုရ အင်ဂျင်နီယာ အရာရှိလောင်း ကိုယ်ပိုင်အမှတ် (စ/၁၃၅၀)စန်းဇင်ဝင်းတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

မှတ်တိုင်သစ်

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် ယနေ့ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားတွင် သင်တန်းအပတ်စဉ် (စီဒီ/၃၄) (စီအီး/၃၂)မှ ကုန်သွယ်ရေကြောင်း အရာရှိလောင်း ၁၄၉ဦးနှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာအရာရှိလောင်း ၁၄၈ ဦး၊ စုစုပေါင်း ၂၉၇ ဦး ကျောင်းဆင်းမည်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ၂၀၀၇ ခုနှစ် ပညာသင်နှစ်မှစပြီး သင်တန်းကာလ နှစ်နှစ် ဘွဲ့ကြိုဒီပလိုမာ သင်တန်းများဖြစ်သည့် ကုန်သွယ်ရေကြောင်း အရာရှိလောင်း(Nautical Cadet) Diploma in Nautical Studies/Dip;N.S နှင့် ကုန်သွယ်ရေကြောင်း အင်ဂျင်နီယာ အရာရှိလောင်း (Engineering Cadet) Diploma in Maritime Technology/Dip; Mar.Tech. သင်တန်းများကို စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကုန်သွယ်ရေကြောင်း အရာရှိလောင်း Nautical Cadet(CD/35) သင်တန်းမှ ၁၄၉ဦး၊ အင်ဂျင်နီယာ အရာရှိလောင်း Engineering Cadet (CE/33) သင်တန်းမှာ ၁၄၉ ဦး၊ စုစုပေါင်း၂၉၈ဦးသင်တန်းတက်ရောက်မည်ဖြစ်သည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပညာသိပ္ပံ၏ ဂုဏ်ယူဝင့်ကြွားရမည့် သမိုင်းမှတ်တိုင်သစ်တစ်ခုစိုက်ထူသည့်နေ့တစ်နေ့ဖြစ်ကြောင်း။

အမျိုးသားရေးလိုအပ်ချက်

ထို့ကြောင့် ယခုဆိုလျှင် ရေကြောင်းပညာသိပ္ပံက စဉ်ဆက်မပြတ် လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် ၂၀၀၇ခုနှစ် ပညာသင်နှစ်အထိ သင်တန်းဆင်း အရာရှိလောင်းများအပါအဝင်ရေကြောင်း အရာရှိလောင်း ၁၆၈၄ ဦးနှင့် အင်ဂျင်နီယာအရာရှိလောင်း ၁၅၇၁ ဦး၊ စုစုပေါင်း အရာရှိလောင်း ၃၂၅၅ ဦးကို စွမ်းရည်ထက်မြက်သည့် နိုင်ငံတကာအဆင့်မီ အသိပညာရှင်/အတတ်ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ပေးနိုင်ခဲ့ခြင်းသည် အနာဂတ်နိုင်ငံတော်၏ ရေကြောင်းပို့ဆောင်ရေး ကဏ္ဍအတွက် အခြေခံအကျဆုံး အမျိုးသားရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေခြင်းဖြစ်ကြောင်း။

သင်ကြားပို့ချပေး

ထို့အပြင် ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သည့် အရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ နှစ်နှစ်သင်

ဆုချီးမြှင့်

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ အင်ဂျင်နီယာ အရာရှိလောင်းစံပြဆုရ စိုးလင်းဖြိုးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တန်း တက်ရောက်အောင်မြင်ပြီးလျှင် ဘွဲ့ကြိုဒီပလိုမာလက်မှတ်များနှင့်အတူ Mercantile Marine Cadet Training Course Certificate များကိုပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် အရာရှိလောင်းဘွဲ့ကြိုဒီပလိုမာ နှစ်နှစ်သင်တန်းသည် နိုင်ငံတကာ ရေကြောင်းတက္ကသိုလ်ကောလိပ်များ၌ ကျင့်သုံးနေသည့် ပညာရေးနှင့် လေ့ကျင့်ရေးစံချိန်စံနှုန်းများနှင့်အညီ စနစ်တကျ သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယခုနှစ် အရာရှိလောင်း ဘွဲ့ကြိုဒီပလိုမာ နှစ်နှစ် သင်တန်းတွင် IMO ၏ STCW 95 ပါ ပြဋ္ဌာန်းထားသည့် Officer of the Watch (O.O.W) အဆင့် Model Course များအပြင် International Maritime Law, IMO Convention, Marine Insurance Law, Shore Based Shipping Management and Crew Management ဘာသာရပ်စသည်တို့ကို ကျွမ်းကျင်မှုရှိအောင် သင်ကြား ပို့ချပေးသွားမည်ဖြစ်ကြောင်း။

လေ့ကျင့်ပျိုးထောင်

နိဂုံးချုပ်အနေနှင့်မှာကြားလိုသည်မှာ စာတွေ့သင်တန်းပြီးဆုံး၍ စာမေးပွဲ အဆင့်ဆင့်ဖြေဆိုရန်ပင်လယ်လုပ်သက်၊ စက်ရုံလုပ်သက်ရယူရန် သက်ဆိုင်ရာ စက်ရုံအသီးသီးနှင့် ရေကြောင်းနယ်ပယ် အသီးသီး၌ တာဝန်ထမ်းဆောင်ကြမည်ဖြစ်သည့်အတွက် လုပ်ငန်းကျွမ်းကျင်မှု၊ ကိုယ်ကျင့်တရား ကောင်းမွန်မှု၊ ဆုံးဖြတ်ချက်ပြတ်သားမှုစသည့် အရည်အသွေးများနှင့်ပြည့်စုံပြီး မှန်ကန်သည့် ခေါင်းဆောင်မှုကို ပေးနိုင်အောင် ယနေ့ကစပြီး မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်ကြောင်း။

ဦးထိပ်ပန်ဆင်

ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်အောင် ဘက်စုံကဏ္ဍစုံမှ ဆောင်ရွက်နေသည့်အချိန်အခါတွင် ရေကြောင်းပို့ဆောင်ရေး ကဏ္ဍတွင် အဖိုးတန်သည့် လူသားစွမ်းရည် အရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်က အားထားရသည့် ရေကြောင်းပညာရှင်များဖြစ်လာအောင် ရေကြောင်းပညာသိပ္ပံ၏ "ငုတ်မိသဲတိုင် တက်နိုင်ဖျားရောက်" ဆိုသည့် ဆောင်ပုဒ်ကို ရင်မှာအစဉ်ကိန်းအောင်းပြီး ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အချာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးထိပ်ပန်ဆင်ကာ ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ချီတက်အလေးပြု

ယင်းနောက် ဝန်ကြီးအား ကျောင်းဆင်းတပ်ခွဲက စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အောင်လက်မှတ်ချီးမြှင့်

ဆက်လက်၍ ကုန်သွယ်ရေကြောင်း အရာရှိလောင်း သင်တန်းအမှတ်စဉ် (စီဒီ-၃၄)နှင့်(စီအီး-၃၂) ထူးချွန်ဆုပေးပွဲနှင့် သင်တန်းဆင်းအောင်လက်မှတ်ပေးအပ်ချီးမြှင့်ပွဲကို နံနက် ၉နာရီတွင် အရာရှိလောင်းများ စားရိပ်သာ၌ ကျင်းပရာ ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီး ဦးဝင်းသိမ်းက ကျောင်းဆင်းအရာရှိလောင်းများအား ဆုံးမသြဝါဒစကားပြောကြားပြီး ထူးချွန်ဆုရ ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ၊ Nautical Cadet Top Ten နှင့် Engineering Cadet Top Ten ရရှိကြသော ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား ထူးချွန်ဆုနှင့် သင်တန်းဆင်း အောင်လက်မှတ်များ ချီးမြှင့်သည်။

ထို့နောက် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများအား ဌာနမှူး (ရေကြောင်း)ကလည်းကောင်း၊ ကုန်သွယ် ရေကြောင်းအင်ဂျင်နီယာ အရာရှိလောင်းများအား ဌာနမှူး(အင်ဂျင်နီယာ) ကလည်းကောင်း အောင်လက်မှတ်များ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ရွှေသပြေသစ်အခြေခံစက်မှုလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အိမ်သုံးတံခါးမကြီးများ၊ ပြတင်းတံခါးများ ထုတ်လုပ်နေသော ရွှေသပြေသစ်အခြေခံ စက်မှုလုပ်ငန်း ပရိဘောဂစက်ရုံသို့ ရောက်ရှိရာ စက်ရုံမန်နေဂျင်းဒါရိုက်တာ ဦးသိန်းဝင်းက စက်ရုံအတွင်း လှည့်လည်၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထုတ်လုပ်

အဆိုပါ စက်ရုံသည် ကျွန်း၊ ပျဉ်းကတိုးနှင့် သစ်မာများအစားအထပ်သားနှင့် လူသုံးနည်းသစ်များကို အသုံးပြု၍ တည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် တံခါးမကြီးများ၊ ပြတင်းတံခါးများကို ထုတ်လုပ်လျက်ရှိသည်။ **(သတင်းစဉ်)**

ပရိဘောဂစက်ရုံ ကြည့်ရှု

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရွှေသပြေသစ်အခြေခံ စက်မှုလုပ်ငန်း ပရိဘောဂစက်ရုံတွင် ကြည့်ရှုစဉ်။ (သစ်တော)

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ စုပေါင်း ရှင်ပြုအလှူတော်မင်္ဂလာနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ စုပေါင်းလှူဒါန်းသော ချောက်မြို့၊ ဆိပ်ဖြူမြို့နှင့် ပုဂံမြို့တို့မှ ရှင်သာမဏေအပါး ၂၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာနှင့် သက်ကြီး ၁၀၅၀ တို့အား ပူဇော်ပွဲကို မကွေးတိုင်း ချောက်မြို့၌ မတ် ၃၁ ရက်နှင့် ဧပြီ ၁ ရက် တို့တွင် ကျင်းပသည်။

တက်ရောက်

ရှေးဦးစွာ မတ် ၃၁ ရက် နံနက် ၉ နာရီခွဲတွင် ချောက်မြို့ မင်္ဂလာသာစည် စာသင်တိုက်ရှိ အလှူတော် မင်္ဂလာ မဏ္ဍပ်၌ မကွေးတိုင်း ချောက်မြို့နယ် အတွင်းရှိ အသက်(၇၅)နှစ်အထက် သက်ကြီးရွယ်အိုဘိုးဘွား ၁၀၅၀ တို့အား သက်ကြီးပူဇော်ပွဲကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာ နိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ အသင်း ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိ သူများ၊ ဖိတ်ကြားထားသူများ၊ မြို့မိမြို့ဖ များ၊ မြို့သူမြို့သားများ တက်ရောက် ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က သက်ကြီးပူဇော်ပွဲကျင်းပလှူဒါန်းရခြင်း နှင့်စပ်လျဉ်း၍ ရှင်းလင်း ပြောကြား သည်။ ဆက်လက်၍ သက်ကြီးရွယ်အို ဘိုးဘွား ၁၀၅၀ တို့အား တက်ရောက် လာသူများက ရှိခိုးကန်တော့ကြသည်။

ဝမ်းမြောက်စကား

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်း ရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ နှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုများ က ဘိုးဘွားများထံ ကန်တော့ပစ္စည်း များကို တစ်ဦးချင်း လိုက်လံပေးအပ် လှူဒါန်းကြပြီး ကန်တော့ခံသက်ကြီး ဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဝမ်းမြောက်ဝမ်းသာစကား ပြောကြား သည်။

ရှင်လောင်းလှည့်

ယင်းနောက် ရှင်ပြုအလှူတော် မင်္ဂလာအခမ်းအနားကို ညနေ ၃ နာရီ တွင် ဆက်လက်ကျင်းပရာ ချောက်မြို့ အေးစေတီကျောင်းမှစတင်၍ အလှူ တော်မင်္ဂလာကျင်းပမည့် မင်္ဂလာ သာစည်စာသင်တိုက်အထိ ရှင်လောင်း များသည် မြို့တွင်းလမ်းမတစ်လျှောက် လှည့်လည်ကြပြီး အလှူတော်မင်္ဂလာ မဏ္ဍပ်၌ ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှင့် ဇနီး၊ မြန်မာနိုင်ငံ ဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူရှင်မိသားစုတို့သည် ရှင်သာမဏေ များနှင့်အတူ အမှတ်တရ စုပေါင်း ဓာတ်ပုံရိုက်ကာ ရှင်လောင်းလှည့်လည် ပွဲကို ရုပ်သိမ်းလိုက်သည်။

ရေစက်ချတရားပွဲ

ဧပြီ ၁ ရက် နံနက် ၉ နာရီတွင် ရှင်အပါး ၂၀၀၀ ရှင်ပြုအလှူတော်မင်္ဂလာ အခမ်းအနား ရေစက်ချတရားနာပွဲကို ကျင်းပရာ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်နှင့် ဇနီး ဒေါ်တင်တင်လတ်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ နှင့် ဇနီး၊ မြန်မာနိုင်ငံဟိုတယ် ဆိုင်ရာ လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် အဖွဲ့ဝင်များ၊ အလှူ ရှင်မိသားစုများ၊ မကွေးတိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ချောက်မြို့မှ မြို့မိ မြို့ဖများနှင့် ပြည်သူလူထုများ၊ ရှင် သာမဏေများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ပရိတ်တရားချီးမြှင့်

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာသူများက မကွေးမြို့ ဆိပ်ဖြူကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဉာဏိန္ဒထံမှ ငါးပါး သီလခံယူ ဆောက်တည်ကြပြီး ပင့်သံဃာ ၁၅၀ တို့က ပရိတ်တရား ဒေသနာတော်ကို ချီးမြှင့်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် နှင့်ဇနီး ဒေါ်တင်တင်လတ်၊ သာသနာ ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် တက်ရောက်လာ ကြသော အလှူရှင်မိသားစုများက ဆရာ တော် သံဃာတော် အရှင်သူမြတ်တို့ အား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး နာယကဆရာတော်ကြီး ထံမှ လှူဒါန်းမှုအစုစုအတွက် အနု မောဒနာတရားကိုနာယူ၍ ရေစက် သွန်းချအမျှ ပေးဝေကာ အခမ်း အနားကို ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

သက်ကြီးပူဇော်

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များ စုပေါင်း၍ ချောက်မြို့တွင် သက်ကြီး ပူဇော်ပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

■ *ကျောဖုံးမှ*

ရှင်းလင်းတင်ပြ

ထို့နောက် ဧည့်ခန်းမ၌ ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုအား ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ထို့ကော်ကိုးဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် နေအိမ်များ တည်ဆောက်ပြီးစီးမှု၊ နဘူး-ထို့ကော် ကိုးလမ်း(၆ မိုင် ၆ ဖာလုံ)ကို ကျောက် ခင်းပြီး ပေ ၉၇၀၀၊ ဆက်လက် ကျောက်ခင်းဆဲပေ ၅၂၀၀ နှင့် ကတ္တရာ ခင်းပြီး ပေ ၁၀၀၀ ဆောင်ရွက်ပြီးစီး နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု၊ ဒါဝယ်ဒါတံတား ဆောင်ရွက်ပြီးစီးနေမှု၊ စိုက်ပျိုးရေး လုပ်ငန်းအတွက် မြေယာ ဖော်ထုတ်ပြီးစီးမှုနှင့် ဖော်ထုတ်ပြီး လယ်မြေများတွင် ဆင်းသွယ်လတ်၊ တောင်ယာ၊ နှစ်ရှည်ရော်ဘာပင် စိုက်ပျိုး ထားမှု၊ စိုက်ပျိုးရေပေးဝေနိုင်ရန် ပတ ချောင်းအား ရေစီးရေလာကောင်းမွန် လာစေရန် ပြန်လည်တူးဖော်ဆောင်ရွက် ထားရှိမှု၊ ရေလှောင်တမံများဆောင် ရွက်နိုင်မည့် အခြေအနေ၊ လျှပ်စစ် ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရန် လတ် တလော ဆောင်ရွက်ထားရှိမှု အခြေ အနေ၊ ငါးနှင့် ကြက်မွေးမြူရေးစီစဉ် ထားရှိမှုအခြေအနေများနှင့် ထို့ကော်ကိုး အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံကို အလျားပေ ၁၂၀၊ အနံပေ ၃၀ တစ်ထပ်သံကူကွန်ကရစ် အုတ်ညှပ်ကျောင်းအဖြစ် တည်ဆောက် လျက်ရှိရာ ၄၀ ရာခိုင်နှုန်းပြီးစီးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်းက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နဘူး- ထို့ကော်ကိုးလမ်း၏ နဘူးအထွက် နေရာတွင် လမ်းအားကတ္တရာလောင်း နေမှု၊ လမ်းကျောက်သားသိပ်သည်းစေ ရန် စက်ယန္တရားဖြင့် ဆောင်ရွက် နေမှုအခြေအနေများကိုလည်းကောင်း၊ မိုင်တိုင်အမှတ် ၂/၂အနီးရှိ အရှည် ပေ ၁၂၀ ခံနိုင်ဝန် ၁၃ တန်ရှိသည့် ဒါဝယ်ဒါတံတားကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များ မှာကြားသည်။

ပြီးစီးအောင်ဆောင်ရွက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ထို့ကော် ကိုးအခြေခံပညာမူလတန်းလွန်ကျောင်း အဆောက်အအုံသစ် ဆောက်လုပ်နေမှု ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ဆောက်လုပ်ဆဲအလျား ပေ ၁၂၀၊ အနံပေ ၃၀ ရှိ သံကူကွန် ကရစ်အုတ်ညှပ် အဆောက်အအုံကို ကြည့်ရှုစစ်ဆေးပြီး ဒေသနေတိုင်းရင်း သားလူငယ်များအား အရည်အသွေး ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ် များဖြစ်ပေါ်လာစေရန် အခြေခံလိုအပ် သော ကျောင်းအဆောက်အအုံကို လာမည့်စာသင်နှစ်အမီ ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားသည်။

ဆက်လက်၍ မူလကျောင်း အဆောက်အအုံ၌ ကျောင်းသားလူငယ် များအား ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်း ပို့ချနေမှုများကို ကြည့်ရှု စစ်ဆေးသည်။

လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကျောင်းသားလူငယ်များ အား နိုင်ငံတော်အတွက် အားထား ရမည့် ပညာတတ်များဖြစ်ပေါ်လာ အောင် ပျိုးထောင်ပေးကြရေး၊ ကျောင်း တွင် နိုင်ငံတော်အလံကိုလွှင့်တင်၍ နိုင်ငံတော်သီချင်း သီဆိုကြခြင်းဖြင့် ကျောင်းသား ကျောင်းသူများကို ပြည် ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်တက်ကြွစေရန် ပြုစုပျိုးထောင် ပေးကြရန်မှာကြားပြီး ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းအတွက် အလှူငွေ များ ထည့်ဝင်လှူဒါန်းသည်။

ကြိုဆိုနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ထိုးကော်ကိုး ဖွံ့ဖြိုးရေးဒေသသို့ ရောက်ရှိကြရာ ထို့ကော်ကိုးဒေသမှ တိုင်းရင်းသား ခေါင်းဆောင် ဦးငွေးမောင်နှင့်အဖွဲ့ဝင် များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထောက်ပံ့ပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးဒေသ၌ တည်ဆောက်လျက်ရှိသော နေအိမ်များ ဆောက်လုပ်နေမှုနှင့် ထို့ကော်ကိုးမြို့ရှိ ဝင်းသူဇာအရောင်းဆိုင်တို့ကိုကြည့်ရှု စစ်ဆေး၍ လိုအပ်သည်များကို တာဝန် ရှိသူများအား မှာကြားပြီး ထို့ကော်ကိုး ဒေသတိုင်းရင်းသားမိသားစုများအတွက် မွေးမြူရေးဝက်နှင့် ကြက်များကို ထောက်ပံ့ပေးအပ်ရာ ထို့ကော်ကိုးဒေသ တာဝန်ခံ ဦးထော့လေးနှင့် မိသားစု များက လက်ခံကြသည်။

ဖြည့်စွက်တင်ပြ

ဆက်လက်၍ ထို့ကော်ကိုးဒေသရှိ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုအား ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးခင်ဝင်းနှင့် ဌာန ဆိုင်ရာတာဝန်ရှိသူများက ထို့ကော်ကိုး ဒေသ၌ နေအိမ် ၁၀၀ ကို ယခုနှစ် ဧပြီလအတွင်း အပြီးဆောက်လုပ်မည့် အခြေအနေ၊ နဘူးတိုက်နယ်အတွင်း မြေရိုင်းများမှ လယ်ယာမြေဖော်ထုတ် လျက်ရှိရာ ဧက ၃၀၀ ၌ ဆင်းသွယ် လတ်စပါးမျိုး ၉၆ ဧက၊ ရေနက်စပါး ၁၈၅ ဧကစိုက်ပျိုးထားမည့်အခြေအနေ၊ နှစ်ရှည်ပင် ၂၃၆၄ ပင် ပျိုးထောင်ထား ရှိမှု၊ နဘူး-ထို့ကော်ကိုးလမ်း ဖောက် လုပ်ပြီးစီးမှုအခြေအနေများကို ရှင်းလင်း တင်ပြကြရာ ပြည်နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

လက်ဆောင်ပေးအပ်

ထို့နောက် ထို့ကော်ကိုးဒေသမှ တိုင်းရင်းသားခေါင်းဆောင်ဦးငွေးမောင် က နိုင်ငံတော်က စေတနာထား ဆောင်ရွက်ပေးမှုကြောင့် ဒေသဖွံ့ဖြိုး တိုးတက်လာမှု အခြေအနေများနှင့် ဒေသ၏ လိုအပ်ချက်များကို ရှင်းလင်း တင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက သက်ဆိုင်ရာတာဝန်ရှိသူ များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးပြီး ဒေသတိုင်းရင်းသားခေါင်း ဆောင် ဦးငွေးမောင်နှင့် မိသားစု၊ ဦးထော့လေးနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ ပြည်နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် နယ်စပ်ဒေသ နှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်ငွေတို့က ဒေသနေတိုင်းရင်းသား ပြည်သူများအတွက် မီးဖိုဆောင်သုံး စားသုံးသီးနှံများနှင့် လူသုံးကုန်ပစ္စည်း များကို တိုင်းရင်းသားခေါင်းဆောင် ဦးငွေးမောင်နှင့် အဖွဲ့ဝင်များထံ အသီးသီးပေးအပ်ကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးဒေသမှ ကလေးငယ်များအား အစုလိုက် ဝက် သက်ရောဂါကာကွယ်ဆေးထိုးနှံပေးမှု များကို သွားရောက်ကြည့်ရှုအားပေးပြီး ကလေးသူငယ်များအား လက်ဆောင် ပစ္စည်းများပေးအပ်ကာ ထို့ကော်ကိုး ဒေသဆေးပေးခန်းမှ ဆေးဝါးနှင့် ဆေး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးဒေသ အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံ ကြားထပ်ဆင့်လွှင့်စက်မှ မြန်မာ့ရုပ်မြင် သံကြားအစီအစဉ်များ ဖမ်းယူကြည့်ရှု နိုင်မှု အခြေအနေကို ကြည့်ရှုစစ်ဆေး ပြီး ဒေသနေတိုင်းရင်းသား ပြည်သူ များအား ရင်းရင်းနှီးနှီးနှုတ်ဆက်အား ပေးသည်။

ပံ့ပိုးကူညီ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးပျိုးခြံ၌ BPM-24 အမျိုးအစား ရော်ဘာပျိုး ပင်များ၊ သရက်၊ သံပရာ၊ မာလကာ၊ ကျွဲကောနှင့် ကင်ပွန်းချဉ်ပင်များ ပျိုး ထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသ၏ ရေမြေသဘာဝနှင့် ကိုက် ညီသော နှစ်ရှည်ပင်များကို ဒေသနေ ပြည်သူများ စိုက်ပျိုးနိုင်အောင် ပံ့ပိုး ကူညီပေးရေးတို့ကို မှာကြားသည်။

သွားရောက်ကြည့်ရှု

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးဒေသ အတွက် ရော်ဘာစိုက်ပျိုးရန် မြေများ ကို စက်ယန္တရားဖြင့် ဖော်ထုတ်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒေသဖွံ့ဖြိုးရေး အတွက် ဆည်မြောင်းလုပ်ငန်းဆောင် ရွက်ချက်တစ်ခုဖြစ်သည့် ပတချောင်း အား ရေစီးရေလာကောင်းရန် စက် ယန္တရားဖြင့် ဆောင်ရွက်နေမှု အခြေ အနေများကို သွားရောက်ကြည့်ရှု စစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းကြည်က ဒေသရှိစိုက်ပျိုးမြေများ အတွက် စိုက်ပျိုးရေပေးဝေနိုင်အောင် ချောင်းကို အဖြောင့်တူးဖော်ဆောင်ရွက် ထားရှိမှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် ထို့ကော်ကိုးမှ နဘူးသို့ မော်တော်ယာဉ်များဖြင့် ပြန်လည် ထွက်ခွာပြီး လမ်းတစ်လျှောက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စပါးစိုက်ခင်း အတွက် မြေယာဖော်ထုတ်နေမှုများ၊ လမ်းဘေးဝဲယာရှိ စိုက်ခင်းများအား ကြည့်ရှုစစ်ဆေးကာ နဘူးရှိ နယ်မြေခံ တပ်နယ်ခန်းမ၌ နဘူးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ အမှာ စကားပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် နဘူးတပ်နယ်မိသားစု များအတွက် အဝတ်အထည်နှင့် အိမ်သုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ ပေးအပ်ပြီး ပြန်လည်ထွက်ခွာကြရာ ကော့ကရိတ် မြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများ လိုက်နာရန်။

(၁) မူးယစ်သောက်စား ယာဉ်မမောင်းရ။

(၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ပြိုင်မမောင်းရ၊ လုမမောင်းရ။

(၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက် ဖြုတ်မမောင်းရ။

(၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။

(၅) ယာဉ်နံပါတ်အတုများ၊ အခြားယာဉ်နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။

(၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။

(၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဗီးတက်)မပါဘဲ မမောင်းရ။

(၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲ ယာဉ်များမမောင်းရ။

(၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။

(၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့် မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်းလုံးဝမပြုရ။

(၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (Alcohol Tester) ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV Camera, Red Light Camera များတပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်း စည်းကမ်း ချိုးဖောက်မှုများအား အဆိုပါကင်မရာများဖြင့် ရိုက်ကူးပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) "သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

နှစ်သစ်ကို အလင်းတံခါးဖွင့်လို့ ကြိုဆိုပွဲ ရေနံ့သာမြို့မှာ ဆင်ကာနွဲ

ဒေါက်တာနီလာသိန်း
(လင်းရောင်သစ်)

ရွက်ဟောင်းညှာကြွေ ရွက်သစ်တွေဝေသည့် နွေဦးသစ်စ အခါသမယမှာ ချစ်သောအညာမြေကို ရောက်ခဲ့ရပြန်ပါပြီ။ မတ်လ ၁၉ ရက်နေ့၏ နံနက်ခင်းမှာပင် ညောင်ဦးမြို့သို့ လေယာဉ်ဖြင့်လည်းကောင်း၊ ညောင်ဦးမှ ရေနံချောင်းမြို့သို့ မော်တော်ယာဉ်ဖြင့်လည်းကောင်း ခရီးဆက်ခဲ့ကြသည်။ ကျွန်မတို့အဖွဲ့ကို အညာနွေက နွေးထွေးအေးချမ်းစွာဖြင့် ကြိုဆိုနှုတ်ခွန်းဆက်ခဲ့ပေသည်။ ယခုခရီးစဉ်မှာ ရေနံချောင်းမြို့သို့ ဒုတိယအကြိမ် မျက်စိအခမဲ့ ကွင်းဆင်းကုသမှု အစီအစဉ်ပင်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာတင်ဝင်းနှင့် ပါမောက္ခ ဒေါက်တာကံညွန့်တို့ ဦးဆောင်သည့်အဖွဲ့သည် ၁၉-၃-၂၀၀၇မှ ၂၂-၃-၂၀၀၇ အထိ ရေနံချောင်းမြို့ ပြည်သူ့ဆေးရုံကြီးတွင် မျက်စိဝေဒနာရှင်များအား အခမဲ့ ခွဲစိတ်ကုသမှုပေးခဲ့ကြသည်။ ၂၀၀၅ ခုနှစ်အတွင်းက ပထမအကြိမ် သွားရောက်ခဲ့သည့် ရေနံချောင်းခရီးစဉ်၏ အောင်မြင်မှုများကြောင့် မြို့လူထုမှာ များစွာအားရ ကျေနပ်နေခဲ့ကြသည်။ ထို့ကြောင့်ပင် ရေနံချောင်းမြို့သူ၊ မြို့သားများနှင့် ရေနံချောင်းမြို့နယ်အသင်း (ရန်ကုန်) တို့၏ ထပ်မံတောင်းဆိုမှုများကြောင့် ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က အဆိုပါခရီးစဉ်မျိုး ထပ်မံဆောင်ရွက်ခွင့် ပြုပါရန် ကျန်းမာရေးဝန်ကြီးဌာနသို့ တင်ပြခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးက ကျွန်မတို့အဖွဲ့ကို ထပ်မံသွားရောက်ရန် တာဝန်ပေးအပ်ခဲ့သောအခါ ရင်ထဲမှာ ဖော်မပြနိုင်အောင် ဝမ်းသာဂုဏ်ယူခဲ့မိပေသည်။

မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသပေးနေစဉ်။

"ရေနံချောင်း"ဟူသည့်အသံကို ကြားလိုက်ရုံနှင့်ပင် ကျွန်မ၏ဦးနှောက်က အလုပ်များစွာလုပ်ပြီး နှလုံးသားက ပူနွေးလှိုက်လှဲစွာ ခံစားနေရစမြဲပင်။ ထိုအခါ ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ အခန်းကဏ္ဍကိုလည်း ဖွင့်လှစ်ပြသရပေဦးမည်။ ဆရာတော်နှင့် ကျွန်မတို့၏ ငယ်ဘဝစာမျက်နှာများနှင့်အတူ ဘဝလှေကားထစ်ပေါင်းများစွာကို မဆုတ်မနစ် တက်လှမ်းခဲ့ရသည့် နေ့ရက်များသည် ရေနံချောင်းမြို့လေးမှပင် စတင်အခြေတည်ခဲ့ကြပေသည်။ ဆရာတော်အနေဖြင့် လောကီကျေးဇူးကို အထူးဆပ်ခြင်းဖြစ်သလို ကျွန်မတို့အတွက် ရေခံမြေခံကောင်းနှင့် ကျေးဇူးတရားများစွာ ရှိခဲ့ဖူးသည့်မြို့လေးတွင် ဤမြေ၊ ဤရေ၊ ဤလေတို့နှင့်အတူ တသွေးတသားတည်း ရှင်သန်ခဲ့ကြသူတွေအတွက် မျှဝေခံစားကူညီပေးရမည့် တာဝန်တွေ ရှိနေသည်ဟုလည်း မှတ်ယူထားခဲ့ကြပေသည်။ တစ်နည်းအားဖြင့်ဆိုလျှင် မိမိတို့၏ ဇာတိရပ်ရွာကို ပြန်လည် ကျေးဇူးဆပ်လိုသူများ၏ ဇာတိစွဲစိတ်ကို ပြသသည့် ပွဲလည်းဖြစ်ပေသည်။

ဤသို့ဖြင့် ကျွန်မတို့အဖွဲ့သည် အတိတ်တစ်ချိန်က **"ဆိပ်သာကွန်းထောက်မြို့"**ဟု ခေါ်တွင်ခဲ့ပြီး အညာမြေ၏တောင်စခန်းမြို့သဖွယ်ဖြစ်နေသည့် ရေနံချောင်းမြို့လေးကို ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။

ကျွန်မတို့အဖွဲ့ ရောက်လာကြသည်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့မရတနာအသင်း၊ မြို့မိ၊ မြို့ဖများ၊ ရွှေကြာင့်ရပ်ကွက်မှ ရပ်ဆွေရပ်မျိုးများအားလုံးတို့က လှိုက်လှဲစွာကြိုဆိုခဲ့ကြသည်။ ရောက်ရောက်ချင်း ညှော်ခံကျွေးမွေးသည့် အညာဒေသ အစားအစာများကို အားပါးတရ စားကြပြီးနောက် ထုံးစံအတိုင်း ပြင်ပလူနာကြည့်မည့်သူ၊ ခွဲစိတ်ခန်းဝင်မည့်သူ စသဖြင့် တာဝန်ခွဲဝေကြပြီး လုပ်ငန်းစတင်ခဲ့ကြပါသည်။

ဒေါက်တာစောသွင်မွန်သိန်း၊ ဒေါက်တာမြတ်စုခင် (ပြည်ဆေးရုံ)၊ ဒေါက်တာရီလင်း၊ ဒေါက်တာအောင်မိုးထွန်း၊ ဒေါက်တာသိန်းထွဋ်တို့နှင့်အတူ ဆရာမများဖြစ်ကြသော ဒေါ်အေးအေးမြင့်၊ နော်မရီးထာဦး၊ နော်လွဲကပေါ်၊ ဒေါ်ဝင်းပပ၊ ဒေါ်ယုဝါမောင်တို့က 'ချမ်းမြေ့ပါစေ' အဲယားကွန်းဘတ်စ်ဖြင့် တစ်ရက်ကြိုတင်သွားနှင့်ခဲ့ပြီး ခွဲစိတ်ခန်းအတွင်း မိုက်ခရိုစကုတ် တပ်ဆင်ခြင်းနှင့် အခြားလိုအပ်သည်များကို စီစဉ်ထားရုံမက ၁၉ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ပြင်ပလူနာများကို ကြည့်ရှုထားပြီးဖြစ်သဖြင့် ဆရာကြီး ဒေါက်တာတင်ဝင်း၊ ဒေါက်တာကံညွန့်၊ ဒေါက်တာမိုးကျော်နှင့် ကျွန်မတို့ ရောက်လာသည်နှင့် အစစအရာရာ အသင့်ဖြစ်နေခဲ့ကြသည်။

ပြင်ပလူနာကြည့်သည့် နေရာတွင် ထုံးစံအတိုင်း လူအုပ်ကြီးဖြင့် ပြည့်ကျပ် များပြားနေသော်လည်း စည်းကမ်းတကျ ရှိနေခဲ့ကြသည်။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၏ စနစ်တကျ စာရင်းကောက်ယူခြင်း၊ ရပ်ကွက်၊ ကျေးရွာ မြို့နယ်အလိုက် ကြိုတင်စီစဉ်ထားရှိခြင်း၊ ဆရာဦးကျော်ဝင်း ခေါင်းဆောင်သည့် ကြက်ခြေနီအဖွဲ့က ဆရာဝန်စားပွဲရှိရာသို့ လူနာတစ်ဦးချင်း စနစ်တကျ ဝင်စေခြင်းတို့ကြောင့်ပင် အုတ်အော်သောင်းတင်း ဖြစ်မနေခဲ့ပေ။ ပထမနေ့မှာပင် လူနာပေါင်း ၁၂၀၂ ဦးကို ကြည့်ရှုပေးခဲ့ရာ အတွင်းတိမ် မဖြစ်မနေ ခွဲစိတ်ရမည့် လူနာပေါင်း ၂၀၀ ကျော်ရှိသည်။ သို့ရာတွင် စုစုပေါင်းလူနာ ၃၀၀၀ ကို ကြည့်ရှုပေးပြီး အတွင်းတိမ်လူနာ ၃၀၀ ခွဲစိတ်ပေးသွားမည်ဟု လျာထားစီစဉ်ခဲ့သည်မို့ ဆေးဝါးပစ္စည်းမှအစ အဘက်ဘက်မှ မလိုအောင် ပြည့်စုံစွာ ကြိုတင်စီစဉ်ခဲ့ပြီးဖြစ်သည်။ ခွဲစိတ်ခန်းအတွင်းတွင်လည်း နံနက် ၈ နာရီမှစ၍ မိုက်ခရိုစကုတ်

ခွဲစိတ်ပြီးလူနာများအား အမြင်စွမ်းအား စမ်းသပ်ကြည့်ရှု စစ်ဆေးစဉ်။

လေးလုံးနှင့် လူနာလေးဦးကို တစ်ပြိုက်နက်ခွဲနေခဲ့ပြီး၊ ဆရာဝန်၊ ဆရာမ တက်ညီလက်ညီဖြင့် ရေနံချောင်းမြို့ခံ ဆရာဝန် ဒေါက်တာ သန်းသန်းချစ်၊ ဒေါက်တာလှမြတ်နွယ်နှင့် ဆရာမလေးများမှာ ဟိုခုတင်ပြေးလိုက် ဒီခုတင် ပြေးလိုက်နှင့် ဆေးထည့်မယ်၊ လူနာတင်မယ်၊ လူနာချမယ်၊ထုံဆေးလေးခတ်ပါဦး၊ ပလတ်စတာကပ်ပါဦးနှင့် တစ်ချက်မျှ မနားရရှာပေ။ ဒီကြားထဲ လူနာများမှာ မျက်စိက မမြင်ရတဲ့အထဲ၊ နားကမကြား၊ အသက်ကကြီး၊ အတွေ့အကြုံကမရှိဆိုတော့ ခွဲစိတ်ခုတင်ပေါ်ရောက်မှ ကုန်းရုန်းထတဲ့သူကထ၊ ခေါင်းတခါခါလည်တခါခါ၊ ပြောလို့မရတဲ့သူကမရ၊ သူငယ်ပြန်ချင်သလိုဖြစ်နေသည့် အမေကြီးတစ်ယောက်မှာ ခုတင်ပေါ်မှာ တဂျီဂျီတအီအီ အသံမျိုးစုံနှင့် နားမခံသာအောင်

ရေတိမ်ရောဂါကြောင့် မျက်စိနီရဲ၊ ကိုက်ခဲပြီး မှုန်ဝါးလာသည်ကို သာမန် မျက်စိနာသည်ထင်မှတ်ပြီး ဆေးမြီးတိုများဖြင့် ကုသခြင်း၊ နီးရာဆေးဆိုင်မှ စားဆေး၊ မျက်စဉ်းလေးဖြင့်သာ ပြီးလိုက်ခြင်းကြောင့် မျက်စိကျန်းမာရေး အသိနောက်ကျခဲ့၍ မျက်စိမကွယ်သင့်ဘဲ ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။

အော်လားအော်ရဲ့၊ သူအော်တာကြားပြီး အခြားအဘွားကြီးတွေကလည်း အားပေးစကားပြောပေးကြနဲ့ ခွဲပေးထားသည့် ဆရာဝန်၊ ဆရာမများ အပျင်းပြေစေပြီး ငိုအားထက် ရယ်အားသန်ဖြစ်ခဲ့ရသေးသည်။ တချို့လူနာတွေကတော့ ဆရာဝန်၊ဆရာမကို စာနာနားလည်ပြီး နည်းနည်းနာတာကိုပင် ကြိတ်မှိတ်အောင့်ခံခဲ့ကြသည်။ အင်းလေ လူဆိုတာအမျိုးမျိုးပေါ့၊ ခံနိုင်ရည်စွမ်းနှင့် အကျိုးပေးဆိုတာ တစ်ဦးနှင့်တစ်ဦး ဘယ်တူနိုင်မလဲ လို့ပြောရင်း ပျော်ရွှင်စွာနဲ့ပဲ အလုပ်လုပ်ခဲ့ကြတာ အတော် ခရီးရောက်ခဲ့ပေသည်။

ထို့ပြင် ကျွန်မတို့ ခရီးစဉ်၏ ထူးခြားမှုတစ်ခုမှာ ယခင်နှစ်များနှင့်မတူဘဲ ချောက်မြို့မှ မျက်စိအထူးကု ဆရာဝန် ဒေါက်တာညွန့်ညွန့်လွင်၊ ပြည်မြို့မှ ဒေါက်တာမြတ်စုခင်၊ ကျောက်ပန်းတောင်းမြို့မှ ဒေါက်တာခင်ချိုမာနှင့် ဆရာမလေးပပ၊ လင်းပါရဂူ ဆေးခန်းမှ သိမ့်သိမ့်တို့ကပါ အင်အားဖြည့် ကူညီပေးခဲ့ကြရာ မျက်စိဆရာဝန်၊ဆရာမများ၏ စည်းလုံးညီညွတ်မှု အင်အားကိုပါ ပြနိုင်ခဲ့ကြသည်။

ထိုမျှမကသေး၊ ရွှေပါရမီတောရ ဆရာတော်နှင့် အလှူရှင်များ၊ ရေနံချောင်းမြို့နယ်အသင်းနှင့် မြို့မိမြို့ဖများ၊ ဆရာဝန်များအားလုံး၏ စစ်မှန်သော စေတနာ မေတ္တာတရားတို့ကြောင့် ပေလားမသိ။ တပေါင်း၊ တန်ခူး၊ အညာနွေ ချစ်ချစ်တောက်ပူပြင်းအိုက်စပ်နေမည် ထင်ခဲ့သော်လည်း ကျွန်မတို့ ရောက်သည့်အချိန် မိုးကလေးများအုံ့ကာ သာယာအေးချမ်းနေသည်မို့ ရာသီဥတုကလည်း ကိုယ့်ဘက်မှာရှိနေခဲ့ပြန်သည်။ ခွဲစိတ်ခန်းအတွင်းမှာလည်း လေအေးပေးစက်နှစ်လုံး၊ ရေ၊ မီးအစစ ပြည့်စုံအေးမြနေပြန်တော့ ခွဲစိတ်ရာတွင် ခရီးတွင်လှသည်။ ထို့ကြောင့်ပင် စုစုပေါင်း အတွင်းတိမ် လူနာ ၂၈၈ ဦး၊ အသေးစားခွဲစိတ်မှု ၂၈ ဦးပေါင်း ၃၁၆ ဦးကို အောင်မြင်စွာ ခွဲစိတ်ပေးနိုင်ခဲ့၍ ခရီးစဉ် အားလုံးအနက် စံချိန်သစ် တင်နိုင်ခဲ့သော ခရီးစဉ်ပင်ဖြစ်သည်။

ပြင်ပလူနာ ၂၅၀၇ ဦးကို ကြည့်ရှုပေးနိုင်ခဲ့သလို လာပြသရွေ့ လူနာတိုင်းအား လိုအပ်သော မျက်စဉ်းများ၊ စားဆေးများကို လှူဒါန်းနိုင်ခဲ့ကြပါသည်။ လာရောက်ပြသသူများမှာ ရေနံချောင်းမြို့နယ်အတွင်းမှ ကျေးရွာများကသာမက အနီးအနားမြို့များဖြစ်သော နတ်မောက်၊မြို့သစ်၊ကုန်းဇောင်း၊ လယ်ကိုင်း၊ ကျောက်ရဲ၊ ကမ္မ၊ စလင်း၊ ပွင့်ဖြူ၊ ဆိတ်ဖြူမြို့နယ်များကပါ လာရောက်ပြသကြသဖြင့် ရေနံချောင်းအသင်း (ရန်ကုန်)၏ နာယကများဖြစ်ကြသော လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ ဦးကောင်းနှင့် ဥက္ကဋ္ဌ ဦးလှရွှေ၊ ဗိုလ်မှူးဌေးလွင်၊ ဦးမောင်မောင်ထွန်း၊ ဦးစန်းလွင်၊ ဦးတင်မြင့်၊ ဦးမောင်မောင်မြတ်တို့မှာ ဝမ်းသာအားရ ဖြစ်နေခဲ့ကြသည်။

ဤကဲ့သို့ ရေနံချောင်း ခရီးစဉ်ကို ဒုတိယအကြိမ် သွားရောက်ခဲ့ပြီးနောက် လေ့လာတွေ့ရှိရသော အချက်ကို တင်ပြရလျှင် ရေနံချောင်းမြို့နယ်အတွင်း၌ မျက်စိဝေဒနာရှင်များ၊ များပြားလှသလို အတွင်းတိမ်ရောဂါဖြင့် မျက်စိကွယ်သူများအပြင် ရေတိမ်ရောဂါကြောင့် မျက်စိကွယ်နေသူများကိုလည်း အများအပြားတွေ့ရှိရခြင်းဖြစ်သည်။ ထိုလူနာများမှာ မျက်စိတစ်ဖက်က လုံးဝကွယ်နေကြပြီး အခြားတစ်ဖက်ကလဲ အတွင်းတိမ် ဖြူဖွေးနေ၍ လာပြကြခြင်းဖြစ်သည်။ လုံးဝကွယ်နေသော မျက်စိကို စစ်ဆေးကြည့်ရာ ရေတိမ်ရောဂါကို အချိန်မီ မသိရှိလိုက်ဘဲ စက္ခုအာရုံကြော ပျက်စီးယိုယွင်းနေသည်ကို တွေ့ကြရသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

3-4 (10) 1 4/3/07, 1:18 PM

သုတေသနလုပ်ငန်းများ အရည်အသွေးပြည့်ဝစွာ ဆောင်ရွက် ဆောင်ရွက်ပြီးစီးမှုမှတ်တမ်းထားရှိ ဘာသာရပ်ဌာနများပူးပေါင်း

ရန်ကုန် ဧပြီ ၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယမန်နေ့ နံနက် ၁၀ နာရီက ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင် ကောင်စီခန်းမ၌ အဆင့်မြင့်ပညာရေးဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန် တက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန်စီးပွားရေး တက္ကသိုလ်၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် အမျိုးသား **စီမံခန့်ခွဲမှု ပညာကောလိပ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီး၊ ပါမောက္ခဌာနမှူးများ၊** ပါမောက္ခများနှင့် တွေ့ဆုံသည်။ (အောက်ပုံ)

ယင်းသို့ တွေ့ဆုံရာတွင် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက တက္ကသိုလ် အသီးသီးရှိ ဘာသာရပ်ဌာန အသီးသီး၌ ဆောင်ရွက်လျက်ရှိသော သုတေသနလုပ်ငန်းများ အရည်အသွေးပြည့်ဝစွာဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ရေး၊ ဆောင်ရွက်ပြီးစီးမှုမှတ်တမ်း ထားရှိရေး၊ တက္ကသိုလ်အချင်းချင်း ဘာသာရပ်ဌာနများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည်တက္ကသိုလ်များသိပ္ပံသုတေသနဌာနသို့ ရောက်ရှိကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်)တိုးချဲ့ မြေနှစ်ဧက ဝယ်ယူရန်နှင့်သာသနိကအဆောက် အအုံ များ ဆောက်လုပ်ရန် အတွက် ဦးမြင့်အောင်အားရည်စူး၍ ရန်ကုန်တိုင်း အနောက်ရန်ကင်း ရန်ကင်းမြို့နယ် (၅)ရပ်ကွက် တိုက်(၂)အခန်း(၀၀၁)နေ ဒေါ်မြစန်း၊ သမီး မချိုချိုအောင်၊ မဝေဝေအောင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း ပဓာန နာယက ဦးဆောင်နာယက ဩဝါဒါစရိယ ဗုဒ္ဓဂယာဆရာတော် ဘဒ္ဒန္တ ဉာဏိန္ဒ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့ဥက္ကဋ္ဌထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ညောင်ရိပ်သာဆရာတော် ဂုဏာဝိသိဋ္ဌပူဇော်ပွဲနှင့် အဆောက်အအုံပန္နက်တင်ပွဲ ကျင်းပ

ရန်ကုန် ဧပြီ ၂

သာကေတမြို့နယ် (၁၀)တောင် ရပ်ကွက် ညောင်ရိပ်သာ တရားစခန်း ပဓာန နာယကဆရာတော်ကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ရဘဒ္ဒန္တကေသရာဘိဝံသအား ဂုဏာဝိသိဋ္ဌ ပူဇော်ပွဲ၊ ညောင်ရိပ်သာတိုးချဲ့ တရားစခန်း လေးထပ်အဆောက်အအုံ ပန္နက်တင်ပွဲနှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲ မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း သာကေတမြို့နယ် (၁၀)တောင် ရပ်ကွက် ညောင်ရိပ်သာကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တကောသလ္လထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များကို ရွတ်ပွားချီးမြှင့်တော်မူကြသည်။

ဆက်လက်၍ တာဝန်ရှိသူများ၊ အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြပြီး ငွေကျပ်သိန်း ၁၇၀ လှူဒါန်းသည်။ အလှူရှင် ၁၅၀ တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝိဗလဗုဒ္ဓိက အနုမောဒနာတရားကို ချီးမြှင့်ပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှ အဆက်

ရေတိမ်ရောဂါကြောင့် မျက်စိနီရဲ ကိုက်ခဲပြီး မှုန်ဝါးလာသည်ကို သာမန်မျက်စိနာသည်ထင်မှတ်ပြီး ဆေးမြီးတိုများဖြင့် ကုသခြင်း၊ နီးရာဆေးဆိုင်မှစားဆေး၊ မျက်စဉ်းလေးဖြင့်သာ ပြီးလိုက်ခြင်းကြောင့် မျက်စိကျန်းမာရေး အသိနောက်ကျခဲ့၍ မျက်စိမကွယ်သင့်ဘဲ ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။ တချို့မှာလည်း စားဝတ်နေရေးအတွက် လုပ်ရှားရုန်းကန်နေရင်းဖြင့် မြင်ရသေးသည့် မျက်စိတစ်ဖက်ကိုသာ အားကိုးရင်းနေခဲ့ရာမှ လုံးဝ မမြင်တော့မှသာ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်နေရင်း ကျွန်မတို့ အလာကိုသာ စောင့်မျှော်နေရပါသည်ဟုဆိုရာ ရင်ထဲမှာ စိတ်မကောင်းဖြစ်ခဲ့မိရသည်။ တချို့လူနာများမှာ မနှစ်က မင်းဘူး-မကွေးမှာ ခွဲထားပါတယ်။ အဲဒီဘက်ကို ထပ်ခွဲချင်လို့ပါဆိုသည့် လူနာကိုစမ်းသပ်ကြည့်ရာ ပထမခွဲထားသည့်ဘက်က ရေတိမ်ရောဂါကို ခွဲထားခြင်းဖြစ်ပြီး ကြာလာ၍ အတွင်းတိမ်ဝင်လာသူများ ဖြစ်နေပြန်သည်။ ဤအရပ်ဒေသတွင် ရေတိမ်ရောဂါဝေဒနာရှင် အလွန်များနေကြောင်း သတိပြုမိခဲ့ပါသည်။

ထို့အပြင် ဤဒေသအတွင်းရှိ မျက်စိအမြင်အာရုံ ချို့တဲ့သူများအနက် မျက်မှန်ပါဝါ လိုအပ်သူများ၊ မျက်သားတက်လူနာများ၊ မျက်စိအပြင်တိမ်ဟုခေါ်သော မျက်ကြည်လွှာ အနာရှိသူများ၊ ထိခိုက်ဒဏ်ရာရသူများကိုလည်း တွေ့ရှိခဲ့ရသည်။ မျက်မှန်ပါဝါ လိုအပ်သူများအနက် အနီးမှုန်(အဝေးမြင်)သမားများ၊ တစ်နည်းအားဖြင့် အပေါင်းပါဝါ + ၄.၅၀ + ၅.၅၀ + ၆.၅၀ စသဖြင့် တပ်နေရသူများကို တွေ့ခဲ့ရသလို အတွင်းတိမ်ခွဲစိတ်ရန်(Biometry)စက်ဖြင့် မျက်တွင်းမှန်ပါဝါတိုင်းတာသည့် Alcon ကုမ္ပဏီမှ ကိုဗိုလ်မင်း၏ စာရင်းအရကြည့်လျှင် အများစုမှာ သာမန်ပါဝါထက် ပိုများနေကြသည်ကို တွေ့ရှိရပြန်သည်။

ရေတိမ်ရောဂါတွင် အကြမ်းအားဖြင့် ထောင့်ကျဉ်းရေတိမ်နှင့် ထောင့်ကျယ်ရေတိမ်ဟူ၍ ခွဲခြားထားရာ ထောင့်ကျဉ်းရေတိမ်သည် ရောဂါလက္ခဏာအနေဖြင့် မျက်စိနီရဲလာခြင်း၊ ရုတ်တရက် မှုန်ဝါးလာခြင်း၊ ကိုက်ခဲလာခြင်း၊ တစ်ခါတစ်ရံ အော့အန်ပြီး ဖျားခြင်းတို့ကို ခံစားရသော်လည်း ထောင့်ကျယ်ရေတိမ်မှာမူ ရောဂါလက္ခဏာမပြဘဲ တဖြည်းဖြည်း မသိမသာ မျက်တွင်းဖိအားတက်ကာ စက္ခုအာရုံကြောမကို ထိခိုက်လာပြီး မြင်ကွင်းများ ကျဉ်းသွားပြီးနောက် တဖြည်းဖြည်း မျက်စိကွယ်သွားရခြင်း ဖြစ်ပေသည်။ ထောင့်ကျဉ်းရေတိမ်သည် များသောအားဖြင့် အမျိုးသမီးများနှင့် အရှေ့တိုင်းသားတို့၏ မျက်လုံးမျိုးတွင် အဖြစ်များပြီး မျက်လုံးအိမ်၏ တည်ဆောက်ပုံ အနေအထားပေါ်လည်း မူတည်နေပေသည်။ မျက်စိအရှေ့ခန်း ကျဉ်းသူများ၊ မျက်ကြည်လွှာအရွယ်အစား သေးငယ်သူများ၊ မျက်လုံးအိမ်သေးသည့်သူများ၊ အထူးသဖြင့် မျက်လုံးအိမ်တိုသည့်သူများတွင် ဖြစ်နိုင်ခြေများသည်ဟု ဆိုထားပါသည်။ မျက်လုံးအိမ်တိုသူများတွင် မျက်စိရှေ့ရှိ အရာဝတ္ထုမှလာသောအလင်းတန်းသည် မျက်စိမှန်ဘီလူးကို ဖြတ်သန်းပြီးနောက် ပုံရိပ်သည် မြင်လွှာ၏နောက်ဘက်တွင် စုဆုံကျရောက်သွားသည့်အတွက် အမြင်အာရုံ ကြည်လင်မှုမရှိနိုင်တော့ပေ။ မြင်လွှာတွင် ကျရောက်မှသာ ကြည်လင်သည့်အမြင်ကို ရနိုင်ပေမည်။ ထို့ကြောင့် ပုံရိပ်သည် မြင်လွှာတွင် စုဆုံကျရောက်နိုင်ရန်အတွက် မျက်လုံးအိမ်တိုသူများအား အပေါင်းပါဝါမှန်ဘီလူးကို တပ်ဆင်ပေးရမည်ဖြစ်သည်။ ကျွန်မဆိုလိုခြင်းမှာ အထက်ကဆိုခဲ့သည့်အတိုင်း အပေါင်းပါဝါများများ တပ်ဆင်နေသော အနီးမှုန်သမားများမှာ အခြားသူများထက် ထောင့်ကျဉ်းရေတိမ် ဖြစ်နိုင်ခြေပိုများသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ ထို့ကြောင့် ရေတိမ်ရောဂါကို စောစီးစွာသိနိုင်ရန် မျက်စိဆရာဝန်များထံတွင် အမြင်အားနှင့် မျက်ကွင်းဖိအားကို အသက်(၄၀)ကျော်သူတိုင်း အခါအားလျော်စွာ တိုင်းတာစစ်ဆေးကြဖို့ လိုအပ်လှပေသည်။ ထို့အတူ အနုတ်ပါဝါများများတပ်ရသော အဝေးမှုန်(အနီးမြင်)သမားများမှာလည်း ထောင့်ကျယ်ရေတိမ်ဖြစ်နိုင်ခြေရှိကြောင်း ဗဟုသုတအနေဖြင့် မှတ်သားထားရမည် ဖြစ်သည်။

မည်သည့်ရေတိမ်ရောဂါမျိုးမဆို စောစီးစွာ သိရှိကုသကြမှသာ အမြင်အာရုံ ရာနှုန်းပြည့် ပြန်ရနိုင်မည်ဖြစ်၍ မျက်စိကျန်းမာရေး အသိရှိကြဖို့ အရေးကြီးလှပေသည်။ ကျွန်မတို့အနေဖြင့် ရေနံချောင်းခရီးစဉ်တွင် ရေတိမ်ရောဂါကြောင့် မျက်စိကွယ်နေသူများ၊ ရေတိမ်ရောဂါကို အချိန်မီ မကုသနိုင်၍ အမြင်အာရုံဆုံးရှုံးကြသူများ၊ လက်ရှိရေတိမ်ရောဂါ ခံစားနေရ၍ စားဆေး၊ မျက်စဉ်းများနှင့် ကုသမှုခံယူနေသူများကို တွေ့ခဲ့ရသည်။ ကျွန်မတို့၏ ခရီးစဉ်အတွင်း ရေတိမ်ရောဂါဝေဒနာရှင်များကို ကုသမှုပေးခြင်း၊ ရေတိမ်ရောဂါအကြောင်း ကျန်းမာရေးအသိပေးခြင်းတို့ဖြင့် ကယ်တင်နိုင်ခဲ့ရာ များစွာအားရကျေနပ်မိပေသည်။

ယခုကဲ့သို့ မတ်လ ၁၉၊ ၂၀၊ ၂၁ ရက်များမှာ အောင်မြင်စွာ ခွဲစိတ်ပြီးခဲ့၍ မတ်လ ၂၂ ရက်နေ့ နံနက်ခင်းတွင် စုစုပေါင်းလူနာ ၃၁၆ ဦးကို တစုတစည်းတည်းရှိစေပြီး မျက်စိကိုအုပ်ထားသည့် ဂွမ်းစလေးများကို ဖယ်ရှားခြင်း၊ မျက်စိသန့်ရှင်းရေးပြုလုပ်ခြင်း၊ မျက်စဉ်းများခတ်ခြင်း၊ ဆရာကြီး ဒေါက်တာကံညွန့်၊ ဒေါက်တာတင်ဝင်း၊ ဒေါက်တာမိုးကျော်တို့က ဦးဆောင်ခွဲစိတ်ပြီး အခြေအနေ၊ အမြင်အားတို့ကို စမ်းသပ်ကြည့်ရှုပေးကြပါသည်။ ဆရာကြီးတို့က **'မြင်ရဲ့လားအမေကြီးတို့'** ဆိုသည် နှင့် **'လင်းလိုက်တာတော်' 'မြင်ချက်တော့' 'ဝင်းထိန်နေတာပဲ' 'လင်းချက်ကတော့အေ'**ဆိုတဲ့ ချစ်စရာအညာလေသံတွေက ခွဲစိတ်ပေးခဲ့သော မျက်စိဆရာဝန်များ၏ရင်ကို အေးမြစေခဲ့ပါတော့သည်။ ပင်ပန်းသမျှတွေ လွင့်စဉ်ကွယ်ပျောက်ခဲ့ရပေသည်။ ယင်းတို့မှာ ကျွန်မတို့ ရရှိခဲ့သည့် အဖိုးအခများပင်ဖြစ်ပါသည်။

ထို့နောက် တာဝန်ရှိသူများနှင့် အလှူရှင်များက နေကာမျက်မှန်များ တပ်ဆင်ပေးခြင်း၊ မျက်စဉ်းများ ပေးလှူခြင်းအပြင် ရေနံချောင်းမြို့နယ်အသင်း(ရန်ကုန်)က လူနာတစ်ဦးလျှင် ကျပ်နှစ်ထောင်စီ လှူဒါန်းခဲ့ကြပါသည်။ ဤခရီးစဉ်အတွက် လိုအပ်သောဆေးဝါးပစ္စည်းများ၊ ကုန်ကျစရိတ်အဝဝကို ရွှေပါရမီတောရဆရာတော်နှင့် ဒါယကာ၊ ဒါယိကာမများ၊ ရေနံချောင်းအသင်း(ရန်ကုန်)၊ ဦးရွှေဝင်း-ဒေါ်မျိုးမျိုးနွယ်ထွန်းမိသားစု၊ ရေနံချောင်းမြို့ ရွှေနဂါးစက်မှုလက်မှုလုပ်ငန်းပိုင်ရှင် ဦးရဲမြင့်-ဒေါ်ဝင်းမော်ထွန်းမိသားစု၊ ALCON၊ Ashford(စန်းလမင်း) Co., Ltd., KTZ Co.,Ltd. နှင့် United Pharma ဆေးကုမ္ပဏီများက ပါဝင်လှူဒါန်းခဲ့ကြခြင်းဖြစ်ပေသည်။

ထို့နောက်တွင် ခွဲစိတ်ပြီးနောက် ရှောင်ရန်၊ ဆောင်ရန်များနှင့် မျက်စိကျန်းမာရေးပညာပေးကို ကျွန်မက ဟောပြောပြီးနောက်မှာတော့ ခရီးစဉ်တစ်ခု၏ အောင်မြင်မှုကို ဆင်ခြင်သုံးသပ်နေမိပေသည်။ ယခုကဲ့သို့ ခရီးစဉ်တစ်ခု အောင်မြင်ရန်မှာ တစ်ဦးတစ်ယောက်တည်း တော်နေ၊ ကောင်းနေရုံဖြင့်မပြီးဘဲ စုပေါင်းအားဖြင့်သာ အောင်မြင်မှု ရခဲ့ခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ ခရီးစဉ်များကို စီစဉ်ခဲ့ရသည့် ရည်ရွယ်ချက်မှာ ကျန်းမာရေး ဝန်ကြီးဌာန၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းဖြစ်ပြီး တတ်သိပညာရှင်များအနေဖြင့် မိမိတို့၏ စေတနာအလျောက် ကျေးလက်မြို့ရွာများသို့ ကွင်းဆင်းကုသကြခြင်းဖြင့် ပြည်သူတို့၏ အလင်းတံခါးကို ဖွင့်လှစ်ပေးကြခြင်းသာဖြစ်ပါသည်။ ကျွန်မတို့ ဆရာကြီး ပါမောက္ခ ဒေါက်တာကံညွန့် ပြောခဲ့သည့် စကားတစ်ခွန်းကိုလည်း ဖော်ပြချင်ပါသေးသည်။ "ကျွန်တော်တို့သာ မခွဲပေးလိုက်ရင် ဒီလူတွေဟာ မျက်မမြင်ဘဝနဲ့ပဲ ဘဝဆုံးသွားကြမှာပဲ။ ဒါကြောင့် ဒီခရီးစဉ်မျိုး မြန်မာနိုင်ငံမှာ များများလုပ်ဖို့ လိုပါတယ်"ဟူ၍ ဖြစ်ပါသည်။

မကွေးဆရာတော်ကြီး၏ တရားသံကိုလည်း ကြားယောင်လိုက်မိပါသည်။

"အလှူတကာ့ အလှူတွေအနက်မှာ သူတကာတွေ မပေးလှူနိုင်တဲ့ အလှူတွေရှိတယ်။ အခုလို မျက်စိအလင်း အလှူမျိုးကတော့ လူတိုင်း လှူလို့မရနိုင်ပေဘူး။ မိမိတတ်ကျွမ်းထားတဲ့ ပညာတွေနဲ့ လူသားတွေရဲ့ စက္ခုအလင်းပြန်ရအောင် ခွဲစိတ်ကုသပေးခဲ့ကြတာ မြတ်သော အလှူဖြစ်သလို လူတကာ မလှူနိုင်ပါဘူး။ ဒါကြောင့် ရရှိမယ့်အကျိုးကလည်း သူတကာမရရှိနိုင်တဲ့ အရာတွေ ခံစား၊ စံစားရမှာဖြစ်တယ်။ 'ဓမ္မစက္ခု' ဆိုတဲ့ မဂ်ဉာဏ်အလင်းကို ရရှိနိုင်တယ်။ မဂ်ဉာဏ်အလင်း ဆိုတာ အမြတ်ဆုံးသော သောတာပတ္တိမဂ်ဉာဏ်ဖြစ်ပြီး ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာအမှန် ဖြစ်ပါတယ်" ဟု ဆိုသည်။

သံသရာရထားကြီးပေါ်မှာ လိုက်ပါနေကြသော ကျွန်မတို့ အားလုံးသည် ကိုယ်နိုင်သည့် လောကီဝန်ကို ထမ်းရင်း ကိုယ့်လမ်းကိုယ်ဆက်လျှောက်ကြရန် အားအင်တွေပြည့်ဝလာခဲ့ရပေသည်။

ကျွန်မတို့အဖွဲ့အား တိုက်ရိုက်ညွှန်ကြားစေလွှတ်ခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးဒေါက်တာကျော်မြင့်၊ ကျွန်မတို့အဖွဲ့အတွက် လိုလေသေးမရှိ စီစဉ်ပံ့ပိုးပေးခဲ့သော မျက်စိအထူးကုဆေးရုံအုပ်ကြီး ဒေါက်တာကျင်စန်းရင်၊ ရေနံချောင်းမြို့ ခေတ္တဆေးရုံအုပ် ဒေါက်တာမေဖြူထိုက်နှင့် ဆေးရုံဝန်ထမ်းများ၊ ရေနံချောင်းအသင်း(ရန်ကုန်)နှင့် အလှူရှင်များအားလုံးကိုလည်းကောင်း၊ မြို့မရတနာအသင်းနှင့် ရွှေကြာငုံရပ်ကွက်မှ ရပ်ဆွေရပ်မျိုး အားလုံးကိုလည်းကောင်း ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြလိုပါသည်။

အပြန်လမ်းတွင် အောင်မြင်မှု ပီတိများကိုရင်ဝယ်ပိုက်ကာ ပြန်လာခဲ့ပါသည်။ ကျွန်မတို့အား ချစ်ခင်အားကိုး တန်ဖိုးထားကြသော လူအုပ်ကြီးကို ထားရစ်ခဲ့ရပါပြီ။ ထိုအချိန်တွင် ကျွန်မသည် အလင်းတောက်ကောင်းကင်အောက်က အလင်းရှင်တို့၏အောင်ပွဲကို လှိုက်လှိုက်လှဲလှဲ ခံစားမိရင်း အဖြူရောင်အလင်းတန်းတို့၏ သဘောကိုတွေးတောနေမိပါသည်။ အဖြူရောင်အလင်းတန်းတစ်ခု ဖြစ်လာရန်အတွက် သက်တန့်ရောင်စဉ်ခုနစ်သွယ် ပေါင်းဆုံစုစည်းမှသာ ဖြစ်ထွန်းပေါ်ပေါက်လာခဲ့ရသကဲ့သို့ ကျွန်မတို့အားလုံး၏ စုပေါင်းညီညွတ်မှုများက သက်တန့်ရောင်ခုနစ်သွယ်လို ပူးပေါင်းညီညာခဲ့ကြ၍သာ ဖြူစင်ရှင်းသန့်သည့် အလင်းတန်းများအဖြစ် သဘာဝလောကကြီးကိုသာမက စကြဝဠာ တိုက်တစ်သောင်းထိ လင်းလက်ဖြာဝေစေခဲ့ရပြီဖြစ်ပါတော့သည်။ **(သြော်-ရေနံမြေ၌ ဒုတိယအကြိမ် အလင်းပန်းပွင့်ခဲ့ပါပြီတကား)။** ။

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရွှေခါးပတ်ချန်ပီယံလုံးချောနှင့် စိန်ခေါ်သူစောငမန်းတို့ဆုံတွေ့

ရန်ကုန် ဧပြီ ၂

မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်ကကြီးမှူး၍ T&T Group က တာဝန်ယူကျင်းပသော မျှော်စင်ကျွန်းမှစိန်ခေါ်သံ (၃)မြန်မာ့ရိုးရာလက်ဝှေ့ အလွတ် တန်းပြိုင်ပွဲကို ဧပြီ ၇ ရက် (စနေနေ့)**ညနေ ၅ နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီး ကရဝိက်ဥယျာဉ်ကမ္ဘာ (မျှော်စင်ကျွန်း)၌ ကျင်းပမည် ဖြစ်သည်။**

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃)မြန်မာ့ရိုးရာ လက်ဝှေ့အလွတ်တန်းပြိုင်ပွဲတွင် နာမည်ကျော်ရိုးရာ လက်ဝှေ့ကျော်များ၏ ငါးချီစိန်ခေါ်ပွဲ ကိုးပွဲပါဝင်မည် ဖြစ်သည်။ နာမည်ကြီး လက်ဝှေ့ကျော်ရွှေခါးပတ် ချန်ပီယံလုံးချော(ညောင်တုန်း)နှင့် စိန်ခေါ်သူစောငမန်း



ရွှေခါးပတ်ချန်ပီယံ လုံးချော(ညောင်တုန်း) နှင့်ယှဉ်ပြိုင်ထိုးသတ်မည့် စိန်ခေါ်သူ စောငမန်း (ဘားအံ)။

(ဘားအံ)တို့၏ ပွဲစဉ်မှာ ရိုးရာ လက်ဝှေ့ပရိသတ်အထူး မျှော်လင့်စောင့်စားနေသော စိန်ခေါ်ပွဲဖြစ်သည်။ ပြီးခဲ့သည့် မတ် ၂၈ ရက်က တနင်္သာရီတိုင်း မြိတ်မြို့၌ လုံးချော(ညောင်တုန်း)နှင့် စောငမန်း(ဘားအံ)တို့ သရေပွဲဖြစ်ခဲ့ခြင်းကလည်း လက်ဝှေ့ကျော်နှစ်ဦးစလုံး အတွက် စိတ်မကျေပွဲဖြစ်နေသည်။

မှတ်တမ်းများအရ

ပထမတန်း လက်ဝှေ့ကျော်များဖြစ်ကြသော ရွှေခါးပတ် ချန်ပီယံလုံးချော (ညောင်တုန်း)နှင့် ကရင်ပြည်နယ်လက်ဝှေ့ကျော် စောငမန်း(ဘားအံ)တို့ နှစ်ဦးသည် ငါးကြိမ်တိတိ တွေ့ဆုံယှဉ်ပြိုင် ထိုးသတ်ခဲ့ဖူးသည်။ ၎င်းတို့နှစ်ဦး တွေ့ဆုံခဲ့သော မှတ်တမ်းများအရ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့တွင် စောငမန်း (ဘားအံ)က လုံးချော(ညောင်တုန်း)ကို အနိုင်ရရှိခဲ့သည်။

ပွဲကြီးပွဲကောင်း

၂၀၀၅ ခုနှစ် မေလအတွင်းက ရန်ကုန်မြို့ အမျိုးသား အားကစားပြိုင်ပွဲရုံ (၁)(သုဝဏ္ဏ)၌ ကျင်းပသည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လူရွေးပွဲတွင် လုံးချော နှင့်စောငမန်းတို့ သရေပွဲဖြစ်ခဲ့သည်။ ၂၀၀၇ ခုနှစ် ဇန်နဝါရီလအတွင်းက ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့၌ ကျင်းပသည့် မြန်မာ့ ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲတွင် လုံးချောနှင့် စောငမန်းတို့ သရေပွဲဖြစ်ခဲ့ ပြန်သည်။ အဆိုပါ တာချီလိတ်ခရိုင် စိန်ခေါ်ပွဲတွင် နှစ်ဦးစလုံးပြင်းထန်လှသော ဒူး၊တံတောင်၊ လက်သီးများနှင့် အားပါလှသော ခြေကန်ချက်များဖြင့် သတ်လုံးသတ်ကွက် စုံလင်စွာ ယှဉ်ပြိုင်ခဲ့ကြ၍ ပရိသတ်အကြိုက် ပွဲကြီးပွဲကောင်းတစ်ပွဲ ဖြစ်ခဲ့သည်။

ရေကုန်ရေခန်း

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ လဆန်းပိုင်း၌ မွန်ပြည်နယ် အနှင်းကျေးရွာတွင် ၎င်းတို့နှစ်ဦး စိတ်မကျေပွဲနွှဲခဲ့ရာ ချန်ပီယံ လုံးချောက စောငမန်း (ဘားအံ)ကို အနိုင်ယူ ထိုးသတ်ခဲ့ သည်။ မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃)၌ ၎င်းတို့နှစ်ဦးမဆုံတွေ့မီ နောက်ဆုံးပြိုင်ပွဲ အဖြစ် မတ် ၂၈ရက်က တနင်္သာရီတိုင်း မြိတ်မြို့၌ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ သရေပွဲဖြစ်ခဲ့ပြန်သည်။ အဆိုပါ မြိတ်မြို့ စိန်ခေါ်ပွဲ၌ သရေကျခဲ့သည် ဆိုသော်လည်း ရေကုန်ရေခန်းထိုးသတ်ခဲ့ကြ၍ ပွဲကြီးပွဲကောင်း ဖြစ်ခဲ့ကြောင်း ပွဲစီစဉ်သူ K.L.N ကလပ်မှ ဦးစိုးသန်းဝင်းက ပြောကြားခဲ့သည်။

စိတ်ဝင်တစား

လုံးချောနှင့်စောငမန်းတို့ ယခုဆုံတွေ့မည့် မျှော်စင်ကျွန်းမှစိန်ခေါ်သံ (၃)တွင် လက်ဝှေ့ကျော်နှစ်ဦးစလုံး တစ်ပွဲနိုင်သုံးပွဲသရေဖြင့် အမှတ်တူနေသည်ကို ချေဖျက်နိုင်ရန် အထူးကြိုးစားယှဉ်ပြိုင်ထိုးသတ်ကြမည်ဟု ခန့်မှန်းရသည်။ ထို့အပြင် **ယခုစိန်ခေါ်ပွဲသည် သာမန်စိန်ခေါ်ပွဲတစ်ပွဲအတွက် အရှုံးအနိုင် အဖြေထုတ်ခြင်းမျိုးမဟုတ်ဘဲ မြန်မာပြည်၏ အလွတ်တန်းချန်ပီယံ စိန်ခေါ်ပွဲကြီးဖြစ်၍ ရွှေခါးပတ် ချန်ပီယံ လုံးချောကပဲ ချန်ပီယံဘွဲ့ကို ဆက်လက် ထိန်းသိမ်းနိုင်မလား၊ စောငမန်းကပဲ မြန်မာပြည်၏ ချန်ပီယံဘွဲ့ကို ရယူသွားမလားဆိုသည်ကို** စိတ်ဝင်တစား စောင့်ကြည့်ကြရမည် ဖြစ်သည်။

အတိုက်သမား

လုံးချောနှင့်စောငမန်းတို့၏ ပွဲစဉ်နည်းတူ နင်ပဲ နင်မို့စွမ်းလေမလား၊ ငါပဲ ငါမို့စွမ်းလေမလား၊ ဘက်

ဂျပန်ပြန် စောဖွဲ့လေး(ထားဝယ်)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် စိန်ခေါ်သူ မိုက်ခဲ(ကျွဲမင်း/မြဝတီ)။

တူရင် လူမရွေးစတမ်း ထိုးသတ်ကြမည့် လက်ဝှေ့ကျော်နှစ်ဦးမှာ ဂျပန်ပြန် စောဖွဲ့လေး(ထားဝယ်)နှင့် ရွှေခါးပတ်ငွေဖလားဆုရ မိုက်ခဲ(မြဝတီ)တို့ပင်ဖြစ်သည်။ ၎င်းတို့နှစ်ဦးစလုံး အသည်းမာသော အတိုက်သမားလက်ဝှေ့ကျော်များဖြစ်ကြ၍ ရိုးရာပရိသတ်များ အကြိုက်တွေ့မည့်ပွဲကောင်း တစ်ပွဲဖြစ်သည်။

ဖွဲ့ပါပါ

စောဖွဲ့လေး(ထားဝယ်)သည် မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၁)တွင် မိမိထက် အတန်းမြင့်သောရွှေခါးပတ် ချန်ပီယံ ဝင်းထွန်း(လယ်ယာ/ဆည်မြောင်း)ကို အသည်းမာမာ၊ ဖွဲ့ပါပါ ယှဉ်ပြိုင်ထိုးသတ်ကာ ပရိသတ်အကြိုက်ဆုံး ပွဲတစ်ပွဲဖြစ်အောင် လုပ်ပြခဲ့သူဖြစ်သည်။

သတင်းဆောင်းပါးရေးသားသူ-ကိုထွေး

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၂)တွင် စောဝီလျံသိန်း (မြန်မာပြည်သား)ကို သတ်လုံးသတ်ကွက် စုံလင်စွာဖြင့် လက်သီးအလုံးရေ၂၀၀ ခန့် ထိုးသတ်ခဲ့ပြီး ပရိသတ်များက ငါးချီစိန်ခေါ်ပွဲများတွင် အကောင်းဆုံးပွဲတစ်ပွဲ အဖြစ် သတ်မှတ်ခြင်းခံရလောက်အောင် စောဖွဲ့လေး အစွမ်းပြခဲ့သည်။

စိန်ခေါ်သူ စောငမန်း(ဘားအံ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ရွှေခါးပတ်ချန်ပီယံ လုံးချော (ညောင်တုန်း)။

မြန်ဆန်ပြင်းထန်

ယခုမျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃)တွင် တစ်ကြိမ် တစ်ခါမှ ထိုးသတ်ခဲ့ဖူးခြင်းမရှိသော မိုက်ခဲ (မြဝတီ) နှင့်ပွဲစဉ်၌ ယခင်ပွဲစဉ်များအတိုင်း စောဖွဲ့လေး (ထားဝယ်) ၏ မြန်ဆန်ပြင်းထန်၍ ထိုးဖောက်စုံအောင် ထိုးတတ်သော လက်သီးများကို ရှုစားကြရမည်ဖြစ်သည်။

မြန်မာ့ရိုးရာ လက်ဝှေ့သမားများထဲတွင် ထိုင်းလက်ဝှေ့ကျော်များကို အနိုင်အများဆုံးလက်ဝှေ့သမားကို ပြပါဆိုလျှင် မိုက်ခဲ(မြဝတီ/ကျွဲမင်း)ကို ပြရမည်ဖြစ်သည်။ သူ၏ လက်ဝှေ့သမား သက်တမ်း တစ်လျှောက်၌ တစ်နှစ်လျှင်အနည်းဆုံး ငါးပွဲခန့် ထိုင်း လက်ဝှေ့ကျော်များနှင့် ယှဉ်ပြိုင်ထိုးသတ်နေသော နိုင်ငံ့ဂုဏ်ဆောင် လက်ဝှေ့ကျော်တစ်ဦး ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလအတွင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ထိုင်းနိုင်ငံမှ နာမည်ကြီး မွေထိုင်း လက်ဝှေ့ကျော်ကို ပထမအချီမှာပင် အလဲထိုး အနိုင်ယူသွားခဲ့ပုံကို ထိုင်းနိုင်ငံ Chanal 7မှ ထုတ်လွှင့်ပြသခဲ့သည်။ ကျွဲမင်းကလပ်မှ လက်ဝှေ့ကျော် တစ်ဦးပီပီ မိုက်ခဲသည် ပြင်းထန်လှသော လက်သီး၊ တံတောင်၊ ဒူး၊ ခြေကန်ချက်များကို လျှပ်တစ်ပြက်အတွင်း မည်သည့်အချိန်၌ အသုံးချရမည်ကို သုံးသပ်ရှာဖွေ တိုက်ကွက်ဆင် ထိုးသတ်တတ်သော နယ်စပ် လက်ဝှေ့ကျော် တစ်ဦးဖြစ်သည်။

မျက်တောင်မခတ်တမ်း

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃)တွင် မိုက်ခဲ (မြဝတီ)၏ ပြင်းထန်တိကျသော ခြေကန်ချက်၊ ဒူးတိုက်ချက်၊ တံတောင် ရိုက်ချက်များနှင့် စောဖွဲ့လေး (ထားဝယ်)၏ ဝါးရုံပင်ကျွဲခတ်သလို မရှောင်တမ်း လက်သီးမိုးရွာ ထိုးသတ်မှုကို ရိုးရာပရိသတ်များ မျက်တောင်မခတ်တမ်း ကြည့်ကြရမည်ဖြစ်သည်။

ယှဉ်ပြိုင်မည်

လုံးချောနှင့် စောငမန်း၊ စောဖွဲ့လေးနှင့် မိုက်ခဲ တို့ပွဲစဉ်များအပြင် ငါးချီ စိန်ခေါ်ပွဲများအဖြစ် ပြည်နယ်နှင့်တိုင်း ငွေတံဆိပ်ဆုရ သိုးကောင်း(မြန်မာပြည်သား) နှင့် စိန်ခေါ်သူ ဇော်ဇော်လေး(ကျွဲမင်း/မြဝတီ)၊ ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရ မိုးသီး (မြန်မာပြည်သား)နှင့် ဝမ်းတူး (ကျွဲမင်း/မြဝတီ)၊ နဂါးလေး (တနင်္သာရီ)နှင့် မုန်တိုင်း (ကျွဲမင်း/မြဝတီ)၊ မိုးကြိုး (K.L.N)နှင့် စောကရင် (ကျွဲမင်း/မြဝတီ)၊ ကြယ်လေး (မြန်မာပြည်သား)နှင့် စောသုံးလုံး(တွံတေး)၊ စောအာကာ(K.L.N) နှင့် ရန်နိုင်အောင်(ကျွဲမင်း/မြဝတီ)၊ ရဲမြတ်အောင် (K.L.N)နှင့် သိုးထိန်း (မြန်မာပြည်သား)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည် ဖြစ်သည်။

သတင်းစကား

မျှော်စင်ကျွန်းမှ စိန်ခေါ်သံ(၃)အတွက် ဝင်ကြေးငွေကျပ် ၄၀၀၀ သတ်မှတ်ထားပြီး ကြိုတင်လက်မှတ်များကို T&T Group ဖုန်း ၀၉-၅၀၀-၄၇၃၈နှင့် ဇော်ပစ်တိုင်းထောင်ဗီဒီယို အမှတ် ၁၇၄(မြေညီထပ်) ၃၅ လမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၇၆၅၀တို့သို့ ဆက်သွယ်ဝယ်ယူနိုင်

စိန်ခေါ်သူ မိုက်ခဲ(ကျွဲမင်း/မြဝတီ)နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ဂျပန်ပြန် စောဖွဲ့လေး(ထားဝယ်)။

ကြောင်း ကြိုတင်သတင်းစကား ပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ယခုစိန်ခေါ်ပွဲသည် သာမန်စိန်ခေါ်ပွဲတစ်ပွဲအတွက် အရှုံးအနိုင် အဖြေ ထုတ်ခြင်းမျိုးမဟုတ်ဘဲ မြန်မာပြည်၏ အလွတ်တန်းချန်ပီယံ စိန်ခေါ်ပွဲကြီး ဖြစ်၍ ရွှေခါးပတ်ချန်ပီယံ လုံးချောကပဲ ချန်ပီယံဘွဲ့ကို ဆက်လက်ထိန်းသိမ်း နိုင်မလား၊ စောငမန်းကပဲ မြန်မာပြည်၏ ချန်ပီယံ ဘွဲ့ကို ရယူသွားမလား ဆိုသည်ကို . . .။

အင်တာနက် အားကစားသတင်း အတိုအထွာ

- အင်္ဂလန်အသင်းနည်းပြ မက်ကလာရင်က ၎င်းအနေဖြင့် ပရိသတ်များက ဝေဖန်တိုက်ခိုက်မှုများ ရှိနေသော်လည်း အသင်းမှ မည်သည့်အခါမျှ ထွက်ခွာရန် စဉ်းစားလိမ့်မည် မဟုတ်ကြောင်း ပြောကြားလိုက်သည်။

- **ပြည်တွင်းလိဂ်ပွဲစဉ်များ ပိုမိုကစားနိုင်ရန်အတွက် နိုင်ငံတကာ ဘောလုံးပွဲစဉ်များ အပြောင်းအလဲများ ပြုလုပ်ခဲ့ခြင်းကို ပရီမီယာလိဂ် အမှုဆောင်အရာရှိ ရစ်ချက်စကူဒါမိုးက ကြိုဆိုကြောင်း ပြောကြား လိုက်သည်။**

- ဘာရာဇီးကစားသမား ရော်နယ်ဒင်ဟိုက ၎င်းအနေဖြင့် ဘာစီလိုနာ အသင်း၌သာ ကစားလိုကြောင်း စပိန်ရုပ်မြင်သံကြားသို့ အခိုင်အမာ ပြောကြားလိုက်သည်။

- **ခြေထောက်ဒဏ်ရာရနေသော တော့တင်ဟမ်ကစားသမား လက်လေကင်းသည် လာမည့်စနေနေ့တွင် ချယ်လ်ဆီးအသင်းနှင့် ယှဉ်ပြိုင်မည့်ပွဲ၌ ပြန်လည်ကစားနိုင်တော့မည်ဖြစ်ကြောင်း နည်းပြ မာတင်ဂျိုးလ်က ပြောကြားသည်။**

- မန်ချက်စတာယူနိုက်တက် နောက်တန်းကစားသမား ဖာဒီနန်က ကစားဖော်တောင်ပံကစားသမား စီရိုနယ်ဒိုအား ဥရောပတွင် အကောင်းဆုံးဘောလုံးသမားဖြစ်ကြောင်း ချီးမွမ်းပြောကြားလိုက်သည်။

- **စပိန်လာလီဂါပွဲစဉ် ၂၈အပြီး ဗလန်စီယာအသင်းသည် အမှတ်ပေးဇယားတွင် ရမှတ် ၅၃မှတ်စီဖြင့် ဦးဆောင်နေသော ဘာစီလိုနာနှင့် ဒုတိယနေရာမှ ဆီဗီလာတို့နောက်မှ ရမှတ် ၅၀ဖြင့် အမှတ်ပေး ဇယားထိပ်ဆုံးနေရာသို့ ချဉ်းကပ်လာပြီဖြစ်သည်။**

- အသက် ၁၉နှစ်အရွယ် ဆားဘီးယား ဆယ်ကျော်သက် တင်းနစ်သမား နိုဗက်ဒီဂျိုကိုဗစ်သည် မီရာမီမာစတာ တင်းနစ်ပြိုင်ပွဲ၌ ရိုင်လာမိုကာနက်စ်ကို ၆-၃၊ ၆-၂၊ ၆-၄ဖြင့် သုံးပွဲပြတ် အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့ရာ မီရာမီမာစတာတင်းနစ်ပြိုင်ပွဲတွင် အသက်အငယ်ဆုံး ချန်ပီယံဖြစ်လာခဲ့သည်။

- **ပူစတန်အိုးပင်းဂေါက်ပြိုင်ပွဲတွင် ဩစတြေးလျ ဂေါက်ရိုက်သမား အဒမ်စကော့က နောက်ဆုံးနေ့တွင် သတ်မှတ်ရိုက်ချက်ထက် သုံးချက်လျော့ရိုက်ကာ သူ၏ငါးခုမြောက် ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့သည်။** (အင်တာနက်)

ကမ္ဘာတစ်လွှား အားကစား

မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ ရှေ့ခရီး

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် ဧပြီ ၂

ယခုနှစ် ဘောလုံး ရာသီတွင် စိတ်ဝင်စားဖွယ်အကောင်းဆုံးဘောလုံး အသင်းများကို ပြောပါဆိုလျှင် ပရီမီယာလိဂ်မှ မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူး အသင်းတို့ပင် ဖြစ်သည်။

စိတ်ဝင်တစားရှိ

အဘယ်ကြောင့်ဆိုသော် ပရီမီယာလိဂ်၊ အက်ဖ်အေဖလားနှင့် ချန်ပီယံလိဂ် ပြိုင်ပွဲများတွင် အားပြိုင်မှု ပို၍ ကောင်းလာခြင်းကြောင့်ပင် ဖြစ်သည်။ ထို့ကြောင့်လည်း ဘောလုံးပရိသတ်များအားလုံးက ယင်းတို့၏ ရာသီကုန်ပန်းဝင်ခရီး မည်သို့အဆုံးသတ်ကြမည်ကို စိတ်ဝင်တစားရှိနေကြသည်။

ယခုအခါ ပရီမီယာလိဂ်ပွဲ ကစားရန်ခုနစ်ပွဲသာကျန်တော့သည်။ မန်ချက်စတာယူနိုက်တက်အသင်းသည် မတ် ၃၁ရက်က ပွဲစဉ်(၃၁)အပြီး ဒုတိယနေရာမှ ချယ်လ်ဆီးအသင်းကို ခြောက်မှတ်ဖြတ်ထားဆဲဖြစ်သည်။ ယင်းပွဲစဉ်(၃၁)တွင် မန်ယူတို့ ဘလက်ဘန်းအသင်းကိုလေးဂိုး-တစ်ဂိုးဖြင့်ခြေစွမ်းပြကစားခဲ့သော်လည်းချယ်လ်ဆီး အသင်းမှာမူ ဝက်ဖို့ဒ် အသင်းကို လေလွင့်ချိန်တစ်ဂိုးဖြင့် ခက်ခဲစွာကစားပြီးမှ အနိုင်ရခဲ့သည်။

ရင်ဆိုင်ရဖွယ်ရှိ

အသင်းကြီးများသည် လာမည့်ပွဲစဉ်များတွင် ဝက်ဖို့ဒ်ကဲ့သို့ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ကြိုးစားနေသောအသင်းများ၏ ကောင်းကောင်းဒုက္ခပေးမည့် အနေအထားကို ရင်ဆိုင်ရဖွယ်ရှိသည်။

မန်ယူအသင်းသည် ဧပြီ ၄ရက်တွင် ရိုးမားအသင်းနှင့် ချန်ပီယံလိဂ် ကွာတားဖိုင်နယ် ကစားရမည်ဖြစ်သကဲ့သို့ ချယ်လ်ဆီးနှင့် ဗလန်စီယာ၊ လီဗာပူးနှင့် အိုင့်ဟိုဗင်အသင်းတို့သည်လည်းယှဉ်ပြိုင်ကစားကြရမည်ဖြစ်သည်။

အဆိုပါ ပရီမီယာလိဂ် ထိပ်တန်းသုံးသင်းသည် ဧပြီ၇ရက်တွင် ပရီမီယာလိဂ်ပြိုင်ပွဲအဖြစ်ခရီးဆက်ရန်ရှိနေသည်။

ယင်းမှ ဆက်လက်၍ အက်ဖ်အေဖလားအကြိုဗိုလ်လုပွဲအဖြစ် ဧပြီ ၁၄၊ ၁၅ရက်များတွင် ဝက်ဖို့ဒ်နှင့် မန်ယူ၊ ဘလက်ဘန်းနှင့် ချယ်လ်ဆီးတို့ တွေ့ကြရဦးမည်ဖြစ်သည်။ ပွဲစဉ်(၃၁)တွင် မန်ယူတို့ ဂိုးမိုးရွာနိုင်သည့် ဘလက်ဘန်းကို ချယ်လ်ဆီးတို့ မည်သို့တုံ့ပြန်ရင်ဆိုင်မည်၊ ချယ်လ်ဆီးကို ခံကစားခဲ့သည့် ဝက်ဖို့ဒ်၏ ခြေစွမ်း မန်ယူတို့ မည်သို့ အဆုံးသတ်မည်ဆိုသည်မှာ စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

အခြေအနေဆိုးရွားနေ

ယခုနှစ်ဘောလုံးရာသီတွင် မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့ ဖလားရရှိရေး မျှော်လင့်ချက်ကိုယ်စီဖြင့် ခရီးဆက်နေကြသော်လည်း အာဆင်နယ်အသင်းမှာ ဖလားလက်လွတ် ခြေစွမ်းပျောက်နေသည်။ ထို့အပြင် လာမည့်နှစ် ချန်ပီယံလိဂ် နေရာအတွက်ပင် အခြေအနေဆိုးရွားနေသည်။

ပွဲစဉ်(၃၁)အပြီးအာဆင်နယ်အသင်းသည် အမှတ်ပေးဇယား စတုတ္ထနေရာတွင် ရှိနေပြီး ရမှတ် ၅၅ မှတ်ရရှိထားသည်။ ယင်းပွဲစဉ်အပြီး မန်ယူက ၇၈ မှတ်၊ ချယ်လ်ဆီးက ၇၂မှတ်၊ လီဗာပူးက ၅၇မှတ်ရရှိထားသည်။

အဆိုပါအသင်းများသည် လာမည့်ပွဲစဉ်များကို လှမ်းမျှော်ကြည့်လျှင် မန်ယူအသင်းသည်ပရီမီယာလိဂ်၌ ပို့စ်မောက်၊ ရက်ဖီး၊ မစ်ဒယ်ဘရော့၊ အယ်ဗာတန်၊ မန်စီးတီး၊ ချယ်လ်ဆီးနှင့် ဝက်စ်ဟမ်းအသင်းများနှင့် ဆက်လက် ယှဉ်ပြိုင်သွားမည် ဖြစ်သည်။ ၎င်းအသင်းများအနက် မန်ယူအသင်းသည် မေ ၉ ရက်တွင် ကစားမည့် ချယ်လ်ဆီးနှင့်ပွဲသာ အခက်အခဲဆုံးပွဲရှိတော့သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၁)တွင် ဘလက်ဘန်းကို အနိုင်ရပြီး အောင်ပွဲခံနေသော မန်ယူကစားသမားများ။ (ဓာတ်ပုံ-အင်တာနက်)

အချိတ်အဆက်မိနေ

နည်းပြ ဖာဂူဆန်ကလည်း ယင်းပြိုင်ပွဲများကို ယှဉ်ပြိုင်ရာတွင် ရရှိထားသော ခြောက်မှတ်ကွာဟချက်ကို ဆက်ထိန်းထားနိုင်အောင် အသေအချာ ကိုင်တွယ်သွားဖွယ်ရှိသည်။ လက်ရှိအနေအထားအရ မန်ယူတွင် နောက်တန်းလူ ဗီဒစ် ဒဏ်ရာရနေသော်လည်း ဖာဒီနန်၊ ဂါဘရီဟိန်ဇ်တို့ အခိုင်အမာ ရှိနေသည်။ တိုက်စစ်တွင် ဆာဟာ အချိန်မီပြန်မဝင်နိုင်သေးသော်လည်း စီရိုနယ်ဒို၊ ကာရစ်၊ ပတ်ဂျီဆန်နှင့် ရွန်နေတို့ အချိတ်အဆက်မိနေသည်။

ဖြတ်ကျော်ရမည်

ယခုနှစ် ရာသီတွင် ချယ်လ်ဆီးအသင်းကို လေ့လာကြည့်လျှင် ပရီမီယာလိဂ်ဖလား ကာကွယ်ရေးမန်ယူကို အမီလိုက် ကြိုးစားနေရသည်။ ချယ်လ်ဆီးတို့ ပရီမီယာလိဂ်တွင် လာမည့်ပွဲစဉ်များကို သုံးသပ်ကြည့်လျှင် မာကျောသည့် တော့တင်ဟမ်၊ ဘလက်ဘန်း၊ ဝက်စ်ဟမ်း၊ နယူးကာဆယ်၊ ဘော်လ်တန်၊ အာဆင်နယ်၊ မန်ယူနှင့် အဲဗာတန် အသင်းများနှင့် ကစားရဦးမည်ဖြစ်သည်။ မန်ယူတို့ ရှေ့ဆက်မည့်ခရီး သာယာဖြောင့်ဖြူးမည်ဖြစ်သော်လည်း ချယ်လ်ဆီးတို့ ခယောင်းလမ်းကို ဖြတ်ကျော်ရဦးမည် ဖြစ်သည်။

တစ်ဖန် လီဗာပူး အသင်းသည် ချန်ပီယံလိဂ်တွင် အိုင့်ဟိုဗင်ကို နိုင်ပြီး ဆီမီးဖိုင်နယ် တက်လာနိုင်သလို ပရီမီယာလိဂ်တွင် လာမည့်နှစ်ချန်ပီယံလိဂ်နေရာ၌ အဆုံးသတ်နိုင်ရန် အလားအလာကောင်းနေသည်။

မည်သို့ပင်ဖြစ်စေကာမူ ယခုနှစ်ဘောလုံးရာသီ ကုန်ဆုံးချိန်တွင် ပရီမီယာလိဂ် အသင်းကြီးများ ဖြစ်ကြသည့်မန်ယူ၊ ချယ်လ်ဆီးနှင့် လီဗာပူးတို့သည် ဖလားများရရှိရေးအတွက် ပွဲဆက်များပြီး ခြေပမ်းကြသော်လည်း ဖလားရရှိရေးမျှော်လင့်ချက်ကိုယ်စီဖြင့် ခရီးကြမ်းကို နှင်ရဦးမည်ဖြစ်သည်။

(ကိုးကား-အင်တာနက်သတင်းများ)

စီးရီးအေပွဲစဉ် ၂၉ အင်တာမီလန်တို့နိုင်ပွဲဆက်

ထိုးဖောက်

အင်တာမီလန်နှင့် ပါးမားတို့ပွဲတွင် အင်တာမီလန် တိုက်စစ်မှူး အက်ဒရီရာနို(ယာ)**ထိုးဖောက်ကစားစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ရောမ ဧပြီ ၂

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ် ၂၉ကိုဧပြီ ၁ရက်က ဆက်လက်ကစားရာ အင်တာမီလန်က ပါးမားကို နှစ်ဂိုးပြတ်အနိုင်ရရှိပြီး တန်းစီဇယားကို ဆက်လက်ဦးဆောင်လျက်ရှိသည်။

အင်တာမီလန်တို့ အနိုင်ရရှိခဲ့သော်လည်း အကြိတ်အနယ်ကစားခဲ့ရသည်။ အင်တာမီလန်အတွက် အဖွင့်ဂိုးကို နောက်ခံလူ မက်ဝေါလ်က ၅၆မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန်မိနစ် ၇၀၌ ဟာနန်ခရက်စပိုက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

အခြားပွဲရလဒ်များ

အတ္တလန္တာ	၂ - ၂	ဖီအိုရင်တီးနား	ကတ်ဂရီယာရီ	၂ - ၀	မက်ဆီနာ
ချီယေးဗို	၁ - ၁	ဆမ့်ဒိုးရီးယား	အမ်ပိုလီ	၄ - ၁	အက်စ်ကိုလီ
လီဗော်နို	၄ - ၁	ကာတန်နီယာ	တိုရီနို	၀ - ၀	ပါလာမို။
အူဒီးနိစ်	၂ - ၄	လာဇီယို			

(အင်တာနက်)

ကိုးကားတင်ပြသူ မောင်မောင်မြင့်ဆွေ

စပိန်လာလီဂါပွဲစဉ် ၂၈ ဆက်လက် ယှဉ်ပြိုင် ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရရှိပြီး ဆီဗီလာတို့ သရေပွဲကြို

မက်ဒရစ် ဧပြီ ၂

စပိန်လာလီဂါပွဲစဉ် ၂၈လက်ကျန်ပွဲများကို ဧပြီ၁ရက်က ဆက်လက်ကစားခဲ့ရာ ဆဲလ်တာဗီဂိုကို ရီးရဲမက်ဒရစ်က တစ်ဂိုး-နှစ်ဂိုးဖြင့်အနိုင်ရရှိပြီး အိုဆာဆူနာနှင့် ဆီဗီလာတို့ ဂိုးမရှိသရေပွဲဖြစ်သွားခဲ့သည်။

ဆဲလ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်

အဝေးကွင်းဖြစ်သော်လည်း ရီးရဲမက်ဒရစ်တို့ အနိုင်ကစားနိုင်ခဲ့သည်။ ဆဲလ်တာဗီဂိုသည် အိမ်ကွင်းဖြစ်သဖြင့် ရီးရဲမက်ဒရစ်ဘက်သို့ အကြိမ်များများ ထိုးဖောက် ကစားနိုင်ခဲ့သော်လည်း ဆဲလ်တာဗီဂို တိုက်စစ်မှူးများ ဖြစ်သည့် ဖာနန်ဒိုဘိုင်ရာနိုနှင့်ဘာမိုဂိုတို့ အဆုံးသတ်မသေချာမှုကြောင့် အနိုင်မရရှိခဲ့ခြင်း ဖြစ်သည်။

အနိုင်ရရှိ

ရီးရဲမက်ဒရစ်၏ အဖွင့်ဂိုးကို ပွဲချိန် ၂၇မိနစ်တွင် ပယ်နယ်တီပြစ်ဒဏ်ဘောမှ တစ်ဆင့် နစ္စတယ်ရွိုင်းက သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ရော်ဘင်ဟိုက ပွဲချိန် ၈၃မိနစ်၌သွင်းယူခဲ့သဖြင့် နှစ်ဂိုး ရရှိခဲ့သည်။ ဆဲလ်တာဗီဂို၏ ချေပဂိုးတစ်ဂိုးကို ပွဲချိန် ၄၄မိနစ်၌ လိုပက်ဇ်အင်ဂယ်က သွင်းယူခဲ့၍ ရီးရဲမက်ဒရစ်တို့ နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲ အနိုင်ရရှိသဖြင့် ရီးရဲမက်ဒရစ်တို့ တန်းစီဇယား၌ တတိယနေရာတွင် ရှိနေသည်။

ဆဲလ်တာဗီဂိုနှင့် ရီးရဲမက်ဒရစ်တို့ပွဲတွင် ရီးရဲမက်ဒရစ် တိုက်စစ်မှူး နစ္စတယ်ရွိုင်း (ဝဲ) **ဤသို့ ထိုးဖောက်ကစားခဲ့သည်။**
(ဓာတ်ပုံ-အင်တာနက်)

အိုဆာဆူနာနှင့် ဆီဗီလာ

ဆီဗီလာတိုက်စစ်မှူးများဖြစ်သည့် ဘာဘီရာနိုနှင့် ချီဗင်တန်တို့က အိုဆာဆူနာ နောက်တန်းကို ၁၈ကြိမ် ကျော်ဖြတ်နိုင်ခဲ့ပြီး နှစ်ကြိမ်အပိုင်ကန်သွင်းခွင့် ရရှိခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ချေ။

သရေပွဲဖြစ်

ထို့အတူ အိုဆာဆူနာကလည်း ဆီဗီလာ နောက်တန်းကို ၁၂ကြိမ် ကျော်ဖြတ်ပြီး အပိုင်ကန်သွင်းခွင့်များ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့သဖြင့် သရေပွဲဖြစ်ခဲ့ရသည်။

ယခုပွဲ သရေကျသော်လည်း ဆီဗီလာတို့တန်းစီဇယား၌ ဒုတိယနေရာတွင် ဆက်လက် ရပ်တည်နေဆဲပင်ဖြစ်သည်။

အခြားပွဲရလဒ်များ

အက်သလက်တီကို	၁ - ၁	မာလော့ကာ
ဂီတာဖေး	၂ - ၂	ရီးရဲဇာရာဂိုဇာ
ဂျင်နက်စ်တစ်	၁ - ၁	ရီခရီတေးဗို
ရေဆင်း	၅ - ၄	ဘီလ်ဘာအို။

(အင်တာနက်)

ထိမ်းမြားမင်္ဂလာ ကျေးဇူးတင်လွှာ

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီးစံပြကျေးရွာ၊ မြောက်ပိုင်းရပ်နေ
ဦးချွန်-ဒေါ်တင်ကြည်တို့၏သား

ဗိုလ်ကြီးသန့်ဇော်မိုး B.E (Civil) (DSTA)
M.E (Civil), Ph.D (Thesis) (YTU)

နှင့်

မကွေးတိုင်း၊ ပခုက္ကူမြို့၊ အမှတ် ၇ ရပ်၊ အောင်မြေသာဇံလမ်းနေ
ကိုကျော်မင်း-မသီတဂူဝင်းတို့၏ညီမ၊
ဦးတင်ဝင်း-ဒေါ်ဝင်းကြည်(ရတနာဝင်းပွဲရုံ)တို့၏သမီး၊
တိုက် ၂၈၊ အေ-၃၊ ကန်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့နေ

မငြိမ်းငြိမ်းဖွေး M.Com (YIE), IDCS (UK)
DBL, DIL, Dip in Global English (YU)

တို့၏ ၁-၄-၂၀၀၇ရက် (တနင်္ဂနွေနေ့)တွင် ပခုက္ကူမြို့ ငွေလမင်းခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲ၌ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်မောင်မောင်အုန်းနှင့်ဇနီး ဒေါ်ခင်ဆွေဝင်း၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဗိုလ်မှူးကြီးစိုးသန်းနှင့်ဇနီး ဒေါ်တင်စိန်၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ပခုက္ကူမြို့နယ် တရားသူကြီး ဦးအောင်ဝင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးစောဟန်၊ ကြွရောက်ချီးမြှင့်အားပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မပွင့်သဉ္ဇာကျော်၊ မင်္ဂလာပန်းကြဲပေးပါသော မမေသူကျော်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်းများ ကိုင်ဆောင်ပေးပါသော မကေသီမောင်နှင့်မဝိုင်းဝိုင်းစံ၊ သတို့သားအရံများအဖြစ်ကူညီကြပါသော ဗိုလ်ကြီးအောင်ကျော်ရွှေနှင့် ဗိုလ်ကြီးအောင်မင်းထွန်း၊ သတို့သမီးအရံများအဖြစ် ကူညီကြပါသော မတင်မျိုးချစ်နှင့် မမြင့်စန္ဒီ၊ မင်္ဂလာဝတ်စုံဖန်တီးကူညီပေးပါသော မဖြူ(Cherish)နှင့် မသဲတို့အားလည်းကောင်း၊ မိတ်ကပ်ဆံပင်အလှဖန်တီးရှင် မခိုင်(မန္တလေး)၊ မှတ်တမ်းတင်ဗီဒီယို၊ ဓာတ်ပုံရိုက်ကူးပေးပါသော တိမ်လွှာဗီဒီယိုအဖွဲ့အားလည်းကောင်း၊ ဤမင်္ဂလာပွဲဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းများ၊ ငွေလမင်းမင်္ဂလာခန်းမမိသားစုနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးသန့်ဇော်မိုး-မငြိမ်းငြိမ်းဖွေး။

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ပုသိမ်မြို့နေ ဦးကျော်စန်း(ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ ဧရာဝတီတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တိုင်းအုပ်ချုပ်ရေးမှူး)-ဒေါ်ရီရီအောင်(အထပြ၊ ငြိမ်း) တို့၏သား

မောင်ကျော်စွာဟိန်း
B.E (Mechanical) YTU, M.Sc (Computer Integrated Manufacting) NTU, Project Manager (Atwin Marine Engineering Pte., Ltd.) Singapore

နှင့်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ် ၄၂၊ အောင်မြေရတနာလမ်းနေ
ဦးဝင်းအောင်(ဒု-အင်ဂျင်နီယာမှူးကြီး၊ မြို့ပြ၊ ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)-
ဒေါ်ကြည်လေး(အထပြ၊ ငြိမ်း)တို့၏သမီး

မယဉ်အေးအေးမွေး
B.A (Business Management), IDCS, IADCS (NCC,UK), Advanced Diploma in Business Executive (UK), i4c (Internet Cafe)

တို့၏ ၁-၄-၂၀၀၇ရက်တွင် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းချီးမြှင့်ပေးသော အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့်ဇနီး ဒေါ်ခင်သောင်းတို့အားလည်းကောင်း၊ မင်္ဂလာဧည့်ခံပွဲအခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ ၂၈-၃-၂၀၀၇ရက်တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ဦးသန်းမြိုင်(ဧရာဝတီတိုင်း တရားသူကြီး)အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးသီချင်းသီဆိုပေးသော တေးသံရှင်မီမီဝင်းဖေနှင့် The Rainbow တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မင်္ဂလာအခမ်းအနားတွင် ပါဝင်ကူညီဆောင်ရွက်ပေးကြသော ညီမငယ် မစန္ဒီအောင်၊ မဝတ်ရည်အောင်၊ မချိုကြည်ကြည်ဇင်၊ သတို့သားအရံ မောင်ဇော်ထွဋ်အောင်နှင့် မောင်မောင်မောင်သိန်း၊ သတို့သမီးအရံ မသင်းသင်းထက်နှင့် မသီဂီထက်မြင့်တို့အားလည်းကောင်း၊ ဝတ်စုံနှင့်မိတ်ကပ်အလှဆင်ပေးသော မိတ်ကပ်ပွင့်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယို ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ မင်္ဂလာပန်းအလှဆင်ပေးသော Eternal Flower မှ မေတ္တာနှင့်လက်ဝတ်ရတနာဆင်မြန်းပေးသော Treasure Land မှ မမိုးမိုးရွှေအားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်စွာဟိန်း-မယဉ်အေးအေးမွေး။

မင်္ဂလာဦးဆုတောင်း

ကိုကို နှင့် **ယဉ်မွေး**တို့ရဲ့ မင်္ဂလာဦးမှစ၍ နောင်နှစ်ပေါင်း၁၂၀တိုင် တစ်ဦးနှင့်တစ်ဦး နားလည်မှုပြည့်ဝစွာနှင့် ဘဝကိုပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေ။

ဗိုလ်ကြီးညီညီသွင်-မညိုမာဟိန်း။

မွေးဦးစီးအတွက် မွေးနေ့ဆုမွန်

ချစ်သမီးလေး၏ ၃-၄-၂၀၀၇ရက်တွင် ကျရောက်သော (၄)နှစ်ပြည့် မွေးနေ့မှသည် အသက် ၁၂၀တိုင် သက်ရှည်ဆင်းလှ ကျန်းမာ၊ ချမ်းသာရ၍ တိုင်းပြည်၊ သာသနာအကျိုးဆတက်တိုး၍ ထမ်းဆောင်နိုင်သော သမီးကောင်းရတနာလေးဖြစ်စေရန် ဆုမွန်တောင်းလျက်-

ဖေဖေ - ဒုတိယဗိုလ်မှူးကြီးကိုကိုကြီး
မေမေ - ဒေါ်စံပယ်လှ(အထက်တန်းပြဆရာမ၊ ထ-၄၊ ဒဂုံ/မ)။

(၆)လပြည့် မွေးနေ့ဆုမွန်လွှာ

၃-၄-၂၀၀၇ရက်တွင် ကျရောက်သည့် တစ်ဦးတည်းသောချစ်သမီးလေး **စုပြည့်မောင်မောင်(ခ)အဲအဲ** ၏ ခြောက်လပြည့်မွေးနေ့တွင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန်နှင့် ထူးချွန်လိမ္မာထက်မြက်သည့် သမီးလေးဖြစ်စေရန် ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဖေဖေ - ဦးအောင်ကျော်(ခ)မောင်မောင်
ချစ်မေမေ - ဒေါ်ခင်သန့်ဇင်။









ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်

ကျွန်မ မမြင့်မြင့်နိုင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ၁/မကန(နိုင်)၀၃၃၄၈၈ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၅၉၀၅၉၇၊ ၅၃၄၄၂၆၊ ၅၉၀၅၆၇
အမှတ် ၉၂၀၊ မြကန်သာ ၃ လမ်း၊
(၇၀)ရပ်ကွက်၊ ဒဂုံ(တောင်)။

ပြင်ဆင်ဖတ်ရှုပါရန်

၁-၄-၂၀၀၇ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၁၄)ပါ မွေးနေ့မင်္ဂလာကြော်ငြာတွင် **သံသာကြည်** နှင့် **ဟံသာဝတီ** အစား **သံသာကြည်** နှင့် **ဟံသာတီ** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ကျေးဇူးဆပ်ပါမည်

ကျွန်မ နန်းကေခိုင်၏နိုင်ငံကူး လက်မှတ် PP-716033 (၂၉-၈-၂၀၀၅)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါ။

မြန်မာ့ရုပ်မြင်သံကြား

၃-၄-၂၀၀၇ရက် (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓ ဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတ သန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၆။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
- ၈:၂၀ ၉။ ခါသကြိန်အဆိုအကများ
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ တတိယနှစ် (ရက္ခဗေဒအထူးပြု) [ရက္ခဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၁၇:၂၅ ၇။ **"စည်းကမ်းလိုက်နာ ဘေးကင်းကွာ"** (လူကူးမျဉ်းကျားမှကူးမယ်)
- ၁၇:၃၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၁၈:၅၀ ၁၂။ ခါသကြိန်အဆိုအကများ
- ၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သစ္စာ ဘဝပင်ခြားသော်လည်း"** (အပိုင်း-၉)
- ၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"တကယ်သဘောကျတယ်"** (အပိုင်း-၃၅) (ဇာတ်သိမ်းပိုင်း)
- ၁၈။ နောက်တစ်နေ့အစီအစဉ်
- ၁၉။ အစီအစဉ်ပြီး၏။

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁ P၊ မြေကွက်အမှတ် ၁၁၂၊ မြေကွက်တည်နေရာ အမှတ် ၃၄၊ သုံးမြှောင့်လမ်း၊ ရေတွင်းကုန်းရပ်ကွက်၊ အမည်ပေါက် မစ္စတာအေဂဖား မြေအား အမည်ပေါက် မစ္စတာအေဂဖား ကွယ်လွန်သဖြင့် (၁) ဦးမောင်ဝင်း ၁၂/မဂတ(နိုင်)၀၁၆၂၇၂၊ (၂) ဦးမောင်မောင်နု ၁၂/မဂတ(နိုင်)၀၁၅၀၉၇၊ (၃) ဦးဝင်းမောင် ၁၂/ပဘတ(နိုင်)၀၁၀၆၉၈၊ (၄) ဒေါ်ခင်လေးရွှေ၁၂/မဂတ(နိုင်)၀၇၈၄၂၇၊ (၅)ဒေါ်ကြည်ကြည်ထူး ၁၂/မဂတ(နိုင်)၀၅၆၈၀၁၊ (၆) ဦးသန်းဝင်း ၁၂/မဂတ(နိုင်)၀၁၅၄၉၄တို့က သားသမီးတော်စပ်ကြောင်း ကျမ်းလွှာ/ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ပြည်လုံးချမ်းသာ ဗုဒ္ဓပူဇနီယပွဲတော်

ရန်ကုန် ဧပြီ ၂

ပဲခူးတိုင်း သာယာဝတီမြို့နယ် ဂုံမင်းမြောင်ကျေးရွာရှိ ပြည်လုံးချမ်းသာ ဗုဒ္ဓရုပ်ရှင်မြတ်ကြီး၏ဗုဒ္ဓပူဇနီယပွဲတော်တွင်ရုပ်ရှင်နှင့်ပွဲလမ်းသဘင်များကို တန်ခူးလပြည့်ကျော်၂ရက်မှ၆ရက်အထိ(ဧပြီ ၃ရက်မှ ၇ရက်အထိ)စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ဗုဒ္ဓရုပ်ပွားတော်၏ဂန္ဓကုဋိတိုက်ကို ဘက်စုံပြန်လည်မွမ်းမံမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများ ကြည်ညိုသဒ္ဓါပွားများနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရွှေကျင်ဆရာတော် တရားပွဲများ

ရန်ကုန် ဧပြီ ၂

လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ ဖြူးဆရာတော်၏တပည့် ရွှေကျင်ဦးသဒ္ဓမ္မ(နတ်မောက်)အရှင်သူမြတ်သည် ဧပြီ၃ရက်မှ၈ရက်အထိ ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ငွေးတောက်ခင်ရွာ၌လည်းကောင်း၊ဧပြီ၃ရက်(သင်္ကြန်အကြိုနေ့)မှ ဧပြီ၇ရက်(နှစ်ဆန်းတစ်ရက်)အထိ ဧရာဝတီတိုင်း ကြံခင်းမြို့ ရွှေညောင်ပင်ကျောင်းတိုက်၌လည်းကောင်း၊ မဟာစည်သတိပဋ္ဌာန် ဝိပဿနာတရားတော်များ ဟောကြားပြသမည်ဟု သိရသည်။ **(က-ပ)**

တနိုင်းမြို့ နန်ဗျူချောင်းကူးတံတား မြေသန့်ပန္နက်တင်

တနိုင်း မတ် ၇

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ တစ်နေရာမှ တစ်နေရာသို့ လွယ်ကူလျင်မြန်စွာ ကူးသန်းသွားလာနိုင်ရေးအတွက် တနိုင်းမြို့နယ် မုန်ဒိန်ရပ်ကွက် နန်ဗျူကွက်သစ်နှင့် မိုင်းခွန်ကျေးရွာချင်းဆက်လမ်းပေါ်ရှိ နန်ဗျူချောင်းပေါ်တွင် တည်ဆောက်မည့် နန်ဗျူချောင်းကူးတံတား မြေသန့်ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၇ ရက် နံနက် ၉ နာရီက အဆိုပါတံတားတည်ဆောက်ရေးလုပ်ငန်းခွင်အနီး မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ရှေးဦးစွာ တနိုင်းမြို့ သာယာရွှေပြည်သစ်ကျောင်း ဆရာတော် ဦးသုဝဏ္ဏထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်နှင့် မြေသန့် ကမ္မဝါစာများ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ပန္နက်ရိုက်

ထို့နောက် မင်္ဂလာအချိန်တွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်တို့က မင်္ဂလာပန္နက်တိုင်များရိုက်၍ စိုက်ထူပေးပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ကုန်ကျမည်

အဆိုပါတံတားသည် အရှည်ပေ ၂၇၀၊ အကျယ် ၁၂ပေရှိပြီး သံပေါင်တပ် သစ်သားခင်း အမျိုးအစားဖြစ်၍ တံတားတစ်ခုလုံးအတွက် ကာလတန်ဖိုး ငွေကျပ်သိန်း၂၀၀ ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မီးဘေးကြိုတင်ကာကွယ်

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဓာတ်တိုက်လေ့ကျင့်မှုကို မတ် ၂၅ ရက်က ပုသိမ်မြို့ ရွှေပြည်သာဈေးအတွင်း၌ကျင်းပရာ တိုင်းမီးသတ်ဦးစီးဌာနမှူး ဦးကြည်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဒုတိယဦးစီးမှူး(ဈေး)နှင့် အဖွဲ့ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးမိဈေးဖများ စုပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်စဉ်။ (မြို့နယ်စည်ပင်)

မတ် ၁၄ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးတွင် တနင်္သာရီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်အောင် ထားဝယ်ခရိုင်အတွင်းရှိ မြို့နယ်များ၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် လုပ်ငန်းများပြီးစီးမှု အပေါ် လုပ်ငန်းသုံးသပ်မှု ပြုလုပ်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးရှောင် မလောင်ခင်တား

နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲဖွင့် ကျေးရွာစာကြည့်တိုက်ကော်မတီများ တွေ့ဆုံဆွေးနွေး

ဖလမ်း မတ် ၂၂

ချင်းပြည်နယ် ဖလမ်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်းနှင့် အငယ်တန်းစာရေး ဒေါ်မန်ယွမ်ကိမ်တို့သည် မတ် ၁၁ ရက်မှ ၁၄ရက်အထိ မန်ခဲင်း၊ သီးဖီးရ်၊ လဲင်ဟိုင်၊ ဖိုးမွှာလ်၊ ရာလ်လောန်၊ လဲင်သဲ၊ ငန်ဇောလ်ကျေးရွာများသို့ သွားရောက်ကာ စာကြည့်တိုက်ကြီးကြပ်မှုကော်မတီများနှင့် တွေ့ဆုံဆွေးနွေးကြသည်။

အဆိုပါ ကျေးရွာများတွင် ဓာတ်ပုံကျွမ်းကျင်(၂) ဦးမန်းလျန်ဟမ်းက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အခြေခံလိုအပ်ချက်များနှင့်ပြည့်စုံသော စာကြည့်တိုက်များဖြစ်ရေး၊ စာကြည့်တိုက်မှတ်ပုံတင်ပြုလုပ်ရေးတို့အတွက် ရှင်းလင်းဆွေးနွေးပြီး စာကြည့်တိုက်ကော်မတီဝင်များက မိမိတို့ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေကို ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့တွင်းပလက်ဖောင်းများ ဆေးအလှသုတ်ခြင်းကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး ဖေဖော်ဝါရီ ၆ရက်က ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကျော်ဟိန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သန့်ရှင်းရေး စုပေါင်းဆောင်ရွက်

ရေး မတ် ၅

ရေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဈေးသူ ဈေးသားများ၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင်များ ဖေဖော်ဝါရီ ၇ရက်က ရေးမြို့ မသီတာဈေးတွင် သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ကြရာ ရေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များက သန့်ရှင်းရေး စုပေါင်း ဆောင်ရွက်ခြင်းကို ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်ပြီးစီးခဲ့သော မြို့မအိုးဘိုရပ်ကွက် ဘုရားလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါလမ်းမုခ်ဦး၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအုံ့မော်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဝန်းသိုတွင်ဖွင့်

ဝန်းသို မတ် ၁၀

စစ်ကိုင်းတိုင်း ကသာခရိုင် ဝန်းသိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ၂၆ရက် နံနက်၁၀ နာရီက ကင်းကြီးမ်းဖူးကုန်းကျေးရွာ အလင်းရောင် စာကြည့်တိုက်တွင် ကျင်းပသည်။

ရှေးဦးစွာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးခက်က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးခက်နှင့် စာထောက်(၃) ဒေါ်မိုးမြင့်သူတို့က စာကြည့်တိုက်နှင့် ပတ်သက်သော အချက်အလက်များကို သင်တန်းပို့ချပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

သာပေါင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) ဦးခင်မောင်ဖြူနှင့် အဖွဲ့ဝန်ထမ်းများ ကညင်ချောင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၅ ရက်က အမှုဆောင်အရာရှိ ဦး အောင် သူ ဝင်း ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ဝက်သက်ကာကွယ်ဆေးထိုး

ညောင်ရွှေ မတ် ၁၆

ညောင်ရွှေမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မြမြစန်း ဦးဆောင်ကြီးကြပ်၍ မတ်၇ရက်က ညောင်ရွှေမြို့မ(၈)ရပ်ကွက်သို့ ကွင်းဆင်း လှည့်လည်ပြီး ကျန်းမာရေးဝန်ထမ်းများနှင့် မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဝင်များက ငါးနှစ်အောက် ကလေးများကို ဝက်သက်ကာကွယ်ဆေး ထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစမ်းသပ်ပြီး ဆေးပေး၊ ဆေးထိုးခြင်းများ ဆောင်ရွက်ကြသည်။ **(ဝ၂၇)**

မီးဘေးကာကွယ်ရေး

ဖေဖော်ဝါရီ ၁၉ရက်က မန္တလေးဆပ်ပြာစက်ရုံ အမှတ်(၃) မီးဘေးကြိုတင်ကာကွယ်ရေးအတွက် တိုင်းမီးသတ်ဦးစီးမှူး ရဲကျော်စွာဝင်းမြင့်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးစဉ်။ (၁၆၂)



ညောင်တုန်းမြို့၌ သာမဏေကျော် ရှင်နန္ဒိယအား ဂုဏ်ပြုပူဇော်

ညောင်တုန်း မတ် ၂၄

ညောင်တုန်းမြို့ ပုလောစာသင်တိုက် ဝိနယအမော် သာမဏေကျော် ရှင်နန္ဒိယအား ဂုဏ်ပြုပူဇော်ပွဲနှင့် ရှင်သာမဏေငါးပါး ဥပသမ္ပဒကံဆောင်ပွဲ အခမ်းအနားကို မတ် ၁၃ရက်က ညောင်တုန်းမြို့ ပုလောစာသင်တိုက်တွင် ကျင်းပရာ ညောင်တုန်းမြို့ ပုလောစာသင်တိုက် ပဓာန နာယက ပုလောဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တဝံသပါလ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက် ချီးမြှင့်တော်မူကြပြီး မြို့နယ်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရဟန်း ဒါယကာ၊ ဒါယိကာမများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပုလောဆရာတော် ဒွိပိဋကဓရ ဘဒ္ဒန္တဝံသပါလထံ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်က ဂုဏ်ပြုပူဇော်ပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ဩဝါဒကထာ မြွက်ကြားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝိနယအမော် သာမဏေကျော် ရှင်နန္ဒိယအား ဂုဏ်ပြုပူဇော်ကြပြီး စေတနာရှင်၊ အလှူရှင်၊ ကုသိုလ်ရှင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်ချတရားနာကြား၍ အမျှအတန်းပေးဝေခဲ့ကြသည်။ **(အပေါ်ပုံ)** **(ဝ၉၈)**

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ပါရမီရိပ်သာမြစပယ်လမ်းနေ ဦးထွန်းတင်-ဒေါ်မြင့်မြင့်သိန်း မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကား ဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် တစ်သိန်းကို တိပိဋကဓရ ဆရာတော် ဘဒ္ဒန္တကုဏ္ဍာစရိယထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆက်ကပ်လှူဒါန်း

ကျိုက်ထီးရိုးမဟာစည်သိမ်ကျောင်းတော်နှင့် ရွှေတိဂုံပုံတူစေတီတော် တည်ထားရန်အတွက် တနင်္သာရီတိုင်း မြိတ်မြို့ နောက်လယ်ရပ် ၅လမ်းထိပ် အအေးဆိုင်ပိုင်ရှင် ဦးရွှေနီ-ဒေါ်စိန်ကြည်မိသားစုတို့ကငွေကျပ်တစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ကျွန်းစု၌ ဆွေးနွေး ရေဒီယိုကက်ဆက်၊ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်း

ကျွန်းစု မတ် ၂၀

တနင်္သာရီတိုင်း မြိတ်ခရိုင် ကျွန်းစုမြို့နယ် ကပကျေးရွာအုပ်စု ပရည်ကျွန်းကျေးရွာ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တွင် မတ် ၁၂ရက် နံနက်က ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေး ဟောပြောဆွေးနွေးပွဲနှင့် ရေဒီယိုကက်ဆက်၊ အလှူငွေနှင့် စာအုပ်စာစောင် ပေးအပ် လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပသည်။

ဆွေးနွေး

အခမ်းအနားတွင် ကျွန်းစုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူး ဒေါ်ခင်ဌေးဝင်းက ကျေးရွာစာကြည့်တိုက် ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးဟောပြောပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသော ရေဒီယိုကက်ဆက်ကို ကျေးရွာဥက္ကဋ္ဌ ဦးနေဝင်းက လက်ခံယူသည်။

လှူဒါန်း

ဆက်လက်၍ စေတနာရှင်များ စုပေါင်းလှူဒါန်းသော စာကြည့်တိုက် ရန်ပုံငွေကျပ်၈၀၀၀၀နှင့်စာအုပ်စာစောင် ၃၀၀ကျော်ကို စေတနာရှင်တစ်ဦးက ပေးအပ် လှူဒါန်းရာ စာကြည့်တိုက် တာဝန်ခံ ဒေါ်ခင်ပိုက လက်ခံယူသည်။

(မြို့နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ အုပ်ချုပ်ရေးမှူး ဦးမင်းဦးနှင့် အမှတ်(၃) ရပ်ကွက် ဥက္ကဋ္ဌ ဦးဉာဏ်ထွန်းတို့ ဦးဆောင်သော လူမှုရေးအသင်းအဖွဲ့များနှင့်ပြည်သူများ စုပေါင်း၍ မတ် ၁၀ရက်က အမှတ်(၃) ရပ်ကွက် လမ်းဘေးဝဲယာ သန့်ရှင်းရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်သန့်ရှင်းစဉ်။

(မြို့နယ် ပြန်/ဆက်)

လင်းရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်နှင့်ငွေပဒေသာပင်စိုက်ထူ

ကျောက်ဆည် မတ် ၁၈

ကျောက်ဆည်ခရိုင် သံရွာတွင် လင်းရောင်ခြည်စာကြည့်တိုက်သို့ စာအုပ်နှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲကို မတ် ၅ ရက်နံနက် ၉နာရီက ကျောက်ဆည်မြို့နယ် သံရွာ အခြေခံပညာ မူလတန်းကျောင်းတွင် ကျင်းပသည်။

စာအုပ်များပေးအပ်

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးညွန့်ရွှေက စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး သံရွာစာကြည့်တိုက်သို့ သုတ၊ ရသ မဂ္ဂဇင်းစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ငွေပဒေသာပင်စိုက်ထူ

ဆက်လက်၍ အလှူရှင်များက ငွေကျပ်၁၄၈၀၀၀ကို စာကြည့်တိုက် ငွေပဒေသာပင် စိုက်ထူရေးအတွက် လှူဒါန်းကြရာ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုးနိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(ခရိုင် ပြန်/ဆက်)**

ဝိုင်းမော်မြို့ အမှတ်(၂)ရပ်ကွက် စက်ရေတွင်းဖွင့်

ဝိုင်းမော် မတ် ၂၂

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော အမှတ် (၂)ရပ်ကွက် စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားကို မတ်၂၀ရက် နံနက် ၈ နာရီခွဲက အဆိုပါစက်ရေတွင်း မုခ်ဦး၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူးသောင်းဖေ၊ နယ်မြေခံတပ်ရင်းမှအရာရှိများနှင့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသား ရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ရပ်မိ ရပ်ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဒုတိယရဲမှူး သောင်းဖေ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်၊ အမှတ်(၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဘီခေါင်ဒေါင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

သစ်တောထွက်ပစ္စည်း ဖမ်းဆီးအရေးယူရာ၌ ပါဝင်သော ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးအပ်

ပြည် မတ် ၂၂

သစ်တောဦးစီးဌာနမှ အခွန်မဲ့ သစ်တောထွက် ပစ္စည်းဖမ်းဆီးဥပဒေများအရ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း **သစ်တောထွက်ပစ္စည်းဖမ်းဆီးအရေးယူရာတွင်ပါဝင်ကြသည့် ပဲခူးတိုင်း (အနောက်ပိုင်း) ရဲတပ်ဖွဲ့၏ ပြည်/သာယာဝတီ ခရိုင်အတွင်းရှိ တပ်ဖွဲ့ဝင် ၄၄ဦးတို့အား မတ် ၁၄** ရက်နံနက် ၉ နာရီက ပြည်မြို့ နဝင်းရဲရိပ်သာတွင် ဂုဏ်ပြုဆုငွေ ချီးမြှင့်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်း(အနောက်ပိုင်း)တွဲဖက်တိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းနှင့် ပဲခူးတိုင်း(အနောက်ပိုင်း) သစ်တောဦးစီးဌာန တိုင်းဦးစီးအရာရှိ ဦးကြည်စိုးနှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုဆုငွေများ ချီးမြှင့်သည်။ (အပေါ်ပုံ)

အဆိုပါသစ်တောထွက် ပစ္စည်း ဖမ်းဆီးအရေးယူရာတွင် တရားမဝင် သစ်၁၀၄ ဒသမ၈၀၄၈တန်၏တန်ဖိုးငွေကျပ်၆၉၇၆၁၀၀အတွက်တပ်ဖွဲ့ဝင်၄၄ဦးတို့အားဆုငွေပေါင်း ၅၅၈၁၀၄ ကျပ်ကို ဆုချီးမြှင့်ပေးအပ်ခဲ့သည်။ (၁၉၉)

မြို့နယ်သတင်းများ

မိုးရာသီ ဘဏ်ချေးငွေ ရာနှုန်းပြည့်ပြေကျေ

ရန်ကုန် ဧပြီ ၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်ဘဏ်ခွဲ(၁၂)ခုမှ တောင်သူလယ်သမား ၁၀၃၈၂၈ဦးသို့ ၂၀၀၆ခု မိုးရာသီ သီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေကျပ် ၅၃၃၁ဒသမ၄၂၂သန်းကို စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးခဲ့ပြီး မိုးစပါး သီးနှံပေါ်ချိန်မှ စတင်၍ ပြန်လည်ကောက်ခံခဲ့ရာ မတ်၂၆ရက်တွင် တိုင်းလုံးကျွတ် ရာနှုန်းပြည့် ပြေကျေစွာ ကောက်ခံရရှိပြီးဖြစ်သည်။ **(က-ပ)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်-၁၉(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဒေါ်ခင်စိန်
ဝမ်းတွင်းမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၃၄၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် မေလ ၂ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၃)ရပ်ကွက် ကွင်းအမှတ်(၁၄၆၈) ဝမ်းတွင်းဦးပိုင်အမှတ်(၂၂/၉၃) မြေကွက်အမှတ်(၁၇၀/၃၇၂)၊ ဧရိယာ ၀ဒသမ၀၃ဧက (၁) ယင်းမြေကွက်ပေါ်ရှိ (၃၀x၂၅)ပေ နံကပ်သွပ်မိုးနှစ်ထပ်တိုက်၊ (၂) ဦးပိုင်အမှတ်(၂၂/၉၄) ဧရိယာ ၀ဒသမ၀၈ဧကရှိမြေ၊ စက်ရုံ မြေ၊ စက်ပစ္စည်း၊ (၃) ယင်းမြေပေါ်ရှိ (၃၀x၁၆)ပေ သွပ်မိုး၊ စက်ရုံအုတ်ကန်(၇x၆x၄)ပေ။

လေလံကြမ်းခင်းဈေး ကျပ် ၁၈၅ သိန်း

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်-၄၁၇(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးချစ်ရင်
ဝမ်းတွင်းမြို့။ ၂။ ဒေါ်ခင်စန်းကြည်

တရားနိုင် **တရားရှုံး**

၂၀၀၂ခုနှစ် တရားမကြီးမှုအမှတ် ၃၃၈တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ခုနှစ် မေလ ၂ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ခုနှစ် ကဆုန်လပြည့်ကျော် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

ဝမ်းတွင်းမြို့ အမှတ်(၁)ရပ်ကွက် ကွင်း(၁၅၈၂/၂၀၀၉)ပျော်ဘွယ် ရာမကွင်း၊ ဦးပိုင် (၂၄/၄) အကွက်(၁၈၈/၅၉၈)၊ ဧရိယာ ၀ ဒသမ ၀၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ လူနေနှစ်ထပ်တိုက်၊ စက်ရုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၈၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် မတ် ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သိန်းထွန်း
တွဲဖက်တိုင်းတရားသူကြီး(၂)
မန္တလေးတိုင်းတရားရုံး။



ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၅

မန်နေဂျာ **နှင့်** ၁။ ဦးနိုင်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ကေသီဦး
ပျဉ်းမနားမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၄၇၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် မေလ ၉ ရက်၊ (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် ကဆုန်လပြည့် ကျော် ၉ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင် ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

လယ်ဝေးမြို့၊ အေလာရွာ ရွာမရပ်၊ ကွင်းအမှတ် (၁၇၃၄/အေလာကွင်း)၊ ဦးပိုင်အမှတ် (အိုအေ-၃၂၆) မြေဧရိယာ ၀ ဒသမ ၀၇၅ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၄x၄)ပင် (၃၀x၂၇)ပေ သွပ်မိုး၊ အုတ်ခံ၊ ပျဉ်ထောင်၊ နှစ်ထပ် အဆောက်အအုံနှင့် ရှေ့စမုတ် (၂x၂)ပင် တွဲလျက် (၁၀x၁၁)ပေ နှစ်ထပ်၊ အုတ်ခံ၊ ပျဉ်ထောင်၊သွပ်မိုး၊ အဆောက်အအုံ ရှေ့တွဲလျက် (၂x၂)ပင်၊ (၈x၁၀)ပေ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်၊ နံကပ်သွပ်မိုး၊ အဖီဆွဲ နောက်ဆက်တွဲလျား (၃x၂)ပင်၊ (၂၀x၈)ပေ သွပ်မိုး၊ အုတ်ကာ၊ တစ်ထပ်မီးဖိုချောင်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် မတ် ၁၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိစိ
တွဲဖက်တိုင်းတရားသူကြီး(၅)
မန္တလေးတိုင်းတရားရုံး။

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား နှစ်လက်မ အဝီစိတွင်းတစ်တွင်းတူးဖော်ခွင့် လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆိုကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှ စ၍ ၁၄ ရက် ရုံးချိန်အတွင်း မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မြေအောက်ရေ ကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်နေရပ်လိပ်စာ- ဦးသန်းထွန်း-ဒေါ်သက်သက်ဝင်း အမှတ်-၂၃၁၊ ၁၁ လမ်း၊ ၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ တူးဖော်မည့်နေရာမြေကွက်အမှတ်-၃၄၇/ခ။ မြေတိုင်းရပ်ကွက်အမှတ်- ၃။

ပုံ (သန်းသန်းစိုး)
မြေအောက်ရေကြီးကြပ်မှု အရာရှိ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)။

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
ပဲခူးတိုင်းတရားရုံး
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃ (ပဲခူး)

မန်နေဂျာ **နှင့်** ၁။ ဦးညွန့်ဝေ
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဝင်းကြည်
ပဲခူးမြို့။

တရားနိုင် **တရားရှုံး**

ပဲခူးတိုင်း တိုင်းတရားသူကြီးရုံးတော်၏ ၂၀၀၅ ခုနှစ် တရားမကြီးမှုအမှတ် ၆၆ (ပဲခူး)တွင် ရရှိခဲ့သည့် ဒီကရီအရ တရားရှုံး ဦးညွန့်ဝေ ပါ-၂ ထံမှ ရရန်ဖြစ်သော ဒီကရီကျငွေ ၁၅၉၁၂၅၁၂ ကျပ် ၉၈ ပြားနှင့် အခြားစရိတ်ငွေများကို တရားနိုင်ဖြစ်သူမှ ရယူနိုင်ရန်အတွက် တရားရှုံးပိုင် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၇ ခုနှစ် မေလ ၄ ရက်၊ (၁၃၆၉ ခုနှစ် ကဆုန်လပြည့်ကျော်၄ ရက်နေ့) နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာနေရာ၌ လေလံတင် ရောင်းချလိမ့်မည်။

ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း ဆွဲဝယ်နိုင်ကြောင်း ကြော်ငြာလိုက်သည်။

ပစ္စည်းစာရင်း

(၁) ပဲခူးမြို့ မြို့မ(၁)ရပ်ကွက်၊ နန်းတော်ရာရပ်ကွက်၊ အကွက်အမှတ် ၁၇(အိုင်)၊ ဦးပိုင်(၄၃-က)၊ (၄၃-ခ)၊ မြေဧရိယာ ၀ ဒသမ ၀၄၁ ဧကရှိ မြေနှင့်ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀

(၂) ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်အမှတ်(၂)၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ မြေကွက် အမှတ်(၃၀)၊ ဧရိယာ ၀ ဒသမ ၀၆၂ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၁၀၀

လေလံတင်ရောင်းချမည့် စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှသာဖြစ်သည်။ မှားယွင်းကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်သူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့် ဈေးနှုန်းမှာ ရောင်းချသည့် ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ယူဆလျှင် လက်မခံဘဲ ငြင်းပယ်ခွင့်ရှိသည်။
၄။ လေလံရောင်းချရာတွင် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ိ/လျှင် ၂၅ိ/ကို လေလံဆွဲဝယ်ပြီးသည်နှင့်တစ်ပြိုင်နက် ပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသည့်အရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်သောနေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ရက်မြောက်သောနေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမဖွင့်သည့်နေ့တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် ပြန်၍ လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသော လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၀၇ ခုနှစ် မတ် ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

သန်းလွင်
ပဲခူးတိုင်းတရားသူကြီး၊ ပဲခူးမြို့။

အများသိစေရန် ကြေညာခြင်း

တောင်ကြီးမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင်စာချုပ်အမှတ်- ၂၉/၂၀၀၂ အရ ဆင်ပေါက် အမှတ်တံဆိပ် ဖိနပ်များကို ဦးအောင်ပြည့်ဖြိုး ၁၃/တကန(နိုင်) ၀၀၄၇၃၇မှ တစ်ဦးတည်း မူပိုင်အဖြစ် ၁၃-၁၁-၂၀၀၂ ရက်မှ စ၍ ထုတ်လုပ်၊ ဖြန့်ချိ တောင်ကြီးမြို့နှင့်တကွ မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ ရောင်းချလျက် ရှိပါသည်။

အဆိုပါဖိနပ်များတွင် အောက်ခံရော်ဘာပြားတွင် (ဆင်ပေါက်)စာတန်းဖောင်းကြွတံဆိပ်များပါရှိ၍ ယင်းအောက်ခံတွင် ဆေးရောင်ခြယ်မှုပိုင် စက္ကူတံဆိပ်ကပ်နှိပ်ထားပြီး ဖိနပ်အပေါ် ကတ္တီပါတွင် ဒေါင်လိုက် စတုရန်းကွက်၌ ဆင်ပေါက် ဖိနပ်စာတန်းကို ပုံနှိပ်တံဖြင့် ဖော်ပြရိုက်နှိပ်ထားပါသည်။

ယင်းတံဆိပ် အမည်အမှတ်အသားပါ ဖိနပ်များမှာ တစ်ဦးတည်းမူပိုင် မှတ်ပုံတင်သွင်းထားပြီးဖြစ်ရာ ယခုအခါ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍ ထုတ်လုပ်၊ ရောင်းချ၊ ဖြန့်ချိခြင်းများ ပြုလုပ်နေကြောင်း ကြားသိရပါသဖြင့် ထိုသို့အတုအပပြုလုပ် ရောင်းချနေသူများအား တွေ့ရှိပါက ရာဇဝတ်ကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သန်းနွယ် (ဥပဒေဘွဲ့) **ဒေါ်မေဘယ်လ်စံ (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေ **အထက်တန်းရှေ့နေ**
စဉ်-၂၃၆၉၃၊ (၂၅-၅-၂၀၀၅) **စဉ်-၂၃၇၇၈၊ (၂၂-၆-၂၀၀၅)။**

မီးကြွင်းမီးကျန် မရှိရန် အစဉ်သတိ အမြဲရှိ

ပလက်ဝမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော စိန်ခြယ်လမ်း ကတ်တုံးပြုလုပ်ခြင်းကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမြင့် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းလှိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးအောင်သိန်းထွန်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
နှောင်းတန်ခူးလပြည့်ကျော် ၃ ရက်
၄-၄-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (တောင်ငူမြို့မှ အမေ့အိမ်ဟိုတယ်)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့သကြံန်-ဒေါက်တာဦးဖေဘဏ်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (သမိုင်းရေးသူများ-ခင်ညိုလင်း)
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) စိန်ကြောင်နီလာပတ်ပျိုး (ကြူကြူသင်း)
(၂) ပန်းညောင်လှိုင်ဘွဲ့ယိုးဒယား (ပန်တျာ ကိုကျော်ညွန့်)
(၃) အောင်မင်္ဂလာယိုးဒယား (နိုင်နိုင်မော်)

ညနေပိုင်း

၁၆း၁၅ နိုင်ငံ့စီးပွား ကျေးလက်ထုတ်ကုန်များ (ပြည်ပဈေးကွက်အရောက်သွား နွယ်ငြိမ်းကျေးရွာက စဉ့်ထည်များ)
၁၇း၀၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဂျင်မလေးဂျမ်း (ကိုမင်းနောင်)
(၂) အမွှန်းသူ့ကိုတင် (သန်းသန်းရှိန်)
(၃) မေတ္တာစစ်ဆိုသည်များရယ် (မျိုးမြင့်လေး)
၁၇း၃၀ အစာနှင့် အာဟာရ (မုန့်လက်ဆောင်းနှင့် ရွှေရင်အေး)
၁၇း၄၅ အဆို၊ အက၊ အရေး၊ အတီးဆုရ (ရန်ကုန်တိုင်းမှ မောင်ကျော်ရဲဟိန်း၏ စန္ဒရားလက်သံ)
၁၈း၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) အင်္ဂလိပ်စာအရေးအသားများတတ်တဲ့အမှား (ဆရာဦးသိန်းလွင်)
(၂) ကိုယ်တွေ့ဂမ္ဘီရဖြစ်ရပ်ဆန်းများ (ဝတ္ထုတိုစုစည်းမှု-၂)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (နာဆာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သည့် နွေဦးရဲ့လတန်ခူးတေးစီးရီး)
၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) အလွမ်းပြေ (မောင်မောင်လတ်)
(၂) ဘဝချင်းဆုံတွေ့ပါရစေ (ချိုပြုံး)
(၃) ချစ်သူမတွေ့ တွေ့သူမချစ် (မောင်လှကြည်)

အမှတ် ၃၄ ၇လမ်း လှည်းတန်း ကမာရွတ်မြို့နယ်နေ ဦးဌေးနိုင်နှင့် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ်အောင်ဘယ်လ်(ငြိမ်း)က လက်ခံယူစဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂

ကရင်ပြည်နယ် ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မတ် ၃၀ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်က နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်ရှိ ထို့ကော်ကိုးဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြိုဆို

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကရင်ပြည်နယ် ဘားအံမြို့မှ ဘားအံ-ကော့ကရိတ်ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် နဘူးသို့ ရောက်ရှိကြရာ နယ်မြေခံတပ်ရင်း၌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဇော်မင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် ကော့ကရိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုထို့ကော်ကိုး အခြေခံပညာ မူလတန်းလွန်ကျောင်း အဆောက်အအုံသစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆံတော်ရှင်ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်လက်ခံ

ရန်ကုန် ဧပြီ ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဓမ္မရက္ခိတကုန်းမြေရှိ မဟာဝိဇယစေတီတော်ရင်ပြင် ဓမ္မရက္ခိတ ဓမ္မာရုံ၌ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ဆံတော်ရှင် ဓနုတ်စေတီတော်မြတ်ကြီး ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အလှူငွေများကို လက်ခံသည်။

စာမျက်နှာ ၆ ကော်လံ ၁ ❐



မျှော်စင်ကျွန်းမှ စိန်ခေါ်သံ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရွှေခါးပတ်ချန်ပီယံ လုံးချောနှင့် စောငမန်းတို့ဆုံတွေ့

ကိုထွေး၏ သတင်းဆောင်းပါး (စာ - ၁၂)

မြန်မာ့အလင်း

သတင်း၊ ဆောင်းပါး အညွှန်း

နှစ်သစ်ကို အလင်းတံခါးဖွင့်လို့ ကြိုဆိုပွဲ ရေနံ့သာမြို့မှာ ဆင်ကာနွှဲ

နီးရာဆေးဆိုင်မှ စားဆေး မျက်စဉ်းလေးဖြင့်သာ ပြီးလိုက်ခြင်းကြောင့် မျက်စိကျန်းမာရေး အသိနောက်ကျခဲ့၍ မျက်စိ မကွယ်သင့်ဘဲ ကွယ်ခဲ့ရခြင်းပင်ဖြစ်သည်။

ဒေါက်တာနီလာသိန်း(လင်းရောင်သစ်)၏ဆောင်းပါး(စာ ၁၀-၁၁)

ဆော်လ်မွန်ကျွန်း ဆူနာမီဒီလှိုင်း အနည်းဆုံး လူ ၁၈ ဦး သေဆုံး

အင်တာနက်ဖောင်ပိတ်သတင်း (စာ - ၅)